ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၈)ရက် ၊ သောကြာနေ့ ၊ (1-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၃)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၃/ ၂၀၂၅) ကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၅) ကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး (၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☞



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်
အယ်ဒီတာ့အာဘော်

# နောင်ချိုမြို့ ပညာရေးနှင့်ကျန်းမာရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation) ဆောင်ရွက်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ကို ဇူလိုင် ၁၆ ရက်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ယခုအခါ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများပူးပေါင်း၍ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိပေသည်။

တပ်မတော်က နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရန် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများ ပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသားမိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုတို့ကြောင့် ဇူလိုင် ၂၅ ရက်မှစ၍ နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများကို စာပေပညာရပ်များ သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပေသည်။

အလားတူ နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(သပြေရေ)တို့၌လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်း၊ အပြင်သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် ၂၅ ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည်။ အဆိုပါဆေးရုံ ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလူမှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့်အပြင် ကလေးသူငယ် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ အင်တိုက်အားတိုက်ဆောင်ရွက်နေမှုအပေါ် ဂုဏ်ယူလေးစားမိပါကြောင်း မုဒိတာပွားရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇူလိုင် ၃၁**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝါသနာရှင်များတက်ရောက်ကြပြီး ဗိုလ်လုပွဲတွင် မဟာအောင်မြေခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကိုကြည့်ရှုအားပေးကြရာ မဟာအောင်မြေခရိုင်အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ငင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး တတိယဆုရရှိသည့် အောင်မြေသာစံခရိုင်အသင်းကို တိုင်းဒေသကြီးဥပဒေချုပ်က တစ်ဦးချင်းဆုတံဆိပ်များနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းကို လူမှုရေးရာဝန်ကြီးက တစ်ဦးချင်းဆုတံဆိပ်များနှင့် သယံဇာတရေးရာဝန်ကြီးက ငွေသားဆုများကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းမှ ကျောနံပါတ်(၁) မောင်စည်သူမိုးကို စီးပွားရေးရာဝန်ကြီးက ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းမှ ကျောနံပါတ်(၁၀) မောင်ကျော်လင်းထက်ကို စည်ပင်သာယာရေးဝန်ကြီးက ဆုတံဆိပ်နှင့် ငွေသားဆုကိုလည်းကောင်း၊ ပထမဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်းချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုချီးမြှင့်ပေးပြီး စုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ခင်ဦး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၆၈၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၇၀၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ မြေပဲ ဧက ၄၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးစိမ်းအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၆၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးစိမ်း အလုံးရေ ၉၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြည်ပဈေးကွက်က ဝယ်ယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းအများအပြား တင်ပို့နေရတာပါ။ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ ကို ငွေကျပ် ၂၀၀၀၀ ထိပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြားတင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်''ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်မာက ပြောပြသည်။

မအူပင်မြို့နယ်မှ တင်ပို့ရောင်းချသည့်ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများအရောက်ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးစိမ်းများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကွမ်းသီးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ မော်တော်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငပုတောမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငပုတော ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမွဲတေမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဇူလိုင် ၃၀ ရက်တွင် အဆိုပါကျေးရွာ၌ ပြုလုပ် ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၆ ဒသမ ၇ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကိုငွေကျပ် ၄ ဒသမ ၇ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် စစ်ကိုင်းမြို့ ပဲကတိုးရပ်ကွက်နေ ဦးပေါ်ကြွယ်+ဒေါ်ခင်ဝင်းရွှေ မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၂၈၃၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၃၁၁ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ နှမ်း ၂၈၃၂၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၈၃၁၁ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ဒီပဲယင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမွဲတေမှုလျော့ကျစေရန် ရည်ရွယ်၍ ဖက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖက်ကုန်းကျေးရွာတွင် နို့စားနွား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# အောင်လံမြို့နယ် ဘို့လည်(မြစ်နား)ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အောင်လံ ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် တောင်နံ့သာကျေးရွာအုပ်စု ဘို့လည်(မြစ်နား)ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန(ရုံးချုပ်)နေပြည်တော်မှ ညွှန်ကြား ရေးမှူးချုပ်ဦးသိန်းလွင်၊မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများသည် ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် အတူ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှု စစ်ဆေးပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းမှာ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ် သိန်း ၁၅၀၊ စုစုပေါင်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီရယူကာ ကျေးရွာ ပြည်သူများကိုယ်တိုင် ယခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင်လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၈၂ အိမ်မှ လူဦးရေ ၈၈၇ ဦးတို့၏ အတွက် လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရေး အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ငြိမ်းသူ**



# ပြဿနာအစ ပါးစပ်က

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"နှုတ်ချို လျှိုတစ်ပါး၊ နှုတ်ကောင်းပြည်စိုး၊ စကားချိုစေသူလိုစေ၊ ချစ်စေလိုခံတွင်း လက်လေးသစ်၊ မုန်းစေလိုခံတွင်းလက်လေးသစ်၊ ချိုချိုပြောလျှင် နားယဉ်၊ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ၊ မပြောမတတ်လျှင် ဆဲသည်နှင့်တူသည်၊ စကားစကား ပြောဖန်များ စကားထဲကဇာတိပြ**"ဟူသောဆိုစကားများသည် ပါးစပ်မှနှုတ်မှထွက်စကားများ၏ ကောင်းကျိုးဆိုးပြစ်များဖြစ်ကြသည်။

စကားကြောင့် မှုခင်းကြီးငယ်အသွယ်သွယ်ဖြစ်ပွားခဲ့ကြသလို တာဝန်ရှိလူကြီးတချို့လည်း ၎င်းတို့၏စကားအမှားများကြောင့် ပြဿနာမျိုးစုံဖြစ်ပွားခဲ့ရပြီး ဝိုင်းဝန်းရှုတ်ချခြင်းကို ခံကြရပါသည်။ အငြိုးအတေးခံကြရပြီး ရန်များပါသည်။ ထို့ကြောင့် **"ညောင်ပင်သာမေတ္တာစာ"**တွင် **"တံတားအို မှောင်ကိုမလျှောက်နှင့်၊ စကားဆိုတောင်လိုမမောက်နှင့်။ တံတားအို မှောင်ကိုလျှောက်ကကျိုးတတ်သည်။ စကားဆို တောင်လိုမောက်က ငြိုးတတ်သည်**"ဟု သတိပေးထားသည်။

စကားကြီး ၁၀ မျိုးရှိသလို စကားအင်္ဂါလေးတန်လည်းရှိသည်။

(၁) သုဘာသိတာ-ကောင်းစွာပြောဆိုခြင်း၊
(၂) ပီယဝါစ-ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုခြင်း၊
(၃) သစ္စာ=မှန်ကန်ဖြောင့်မတ် တည်ကြည်စွာပြောဆိုခြင်း၊
(၄) ဓမ္မ=သဘာဝကျပြီး လိုက်နာဖွယ်ရာပြောဆိုခြင်းဟူသော စကားကြီးလေးတန်ဖြစ်သည်။

**"စကားခြောက်ခွန်း၊ လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတည်"**ဟူ၍လည်း ဆိုရိုးစကားဖြင့် ဆုံးမထားကြသည်။

(၁) ဟုတ်မှန်၍ အကျိုးရှိပြီး ကြားရသူနာခံလို၏။
(၂) ဟုတ်မှန်အကျိုးရှိသော်လည်း ကြားရသူမနာခံလို။ ထိုစကားနှစ်မျိုးကိုပဲ ပြောဆိုသင့်ကြသည်။ ဟုတ်မှန်အကျိုးရှိသောစကားကိုမှ မနာခံလိုသူသည် စံလွဲနေသူ၊ ဖောက်ပြန်နေသူ၊ ကိုယ်ရေးကိုယ်တာကြောင့် နာလိုခံခက်ဖြစ်နေကြသူများသာဖြစ်ကြသည်။
(၃) ဟုတ်မှန်သော်လည်း အကျိုးမရှိ။ သူတစ်ပါးလည်း မနာခံလိုသောစကား၊
(၄) မဟုတ်မမှန်ပေမဲ့ အကျိုးရှိပြီး သူတစ်ပါးနာခံလိုသောစကား၊
(၅) မဟုတ်မမှန်သည့်အပြင် အကျိုးလည်းမရှိ သူတစ်ပါးနာခံလိုသောစကား၊
(၆) မဟုတ်မမှန်သည့်အပြင် အကျိုးလည်းမရှိ သူတစ်ပါးမနာခံလိုသောစကား၊

ထိုစကားလေးခွန်းကို လုံးဝမကျင့်သုံးသင့်ပေ။

**"မအူပင်မြို့ လေးအိမ်စုဆရာတော် အရှင်ဝိစိတ္တသာရ"** ပြုစုထားသော **"စကားလက်ဆောင် တရားလက်ဆောင်"**စာအုပ်ကလေးထဲတွင် **"ပြဿနာအစ ပါးစပ်က"**ဟူသောစကားလက်ဆောင်လေးပါလာသည်။ **"ပါးစပ်မှာဓား၊ သတိထား၊ စကားဆင်ခြင်ပြော"**ဟူ၍လည်းကောင်း၊ **"ပါးစပ်မှာပေါက်၊ ကြောက်ဖွယ်အင်္ဂါ၊ လျှာဆိုသည့်ဓား၊ ထက်ငြားမှန်စွာ၊ မကောင်းစကား၊ ပြောကြားသောခါ၊ ထိုးသည့်ဓား၊ ကိုယ့်အားဖြတ်သည်သာ**"ဟူ၍လည်းကောင်း၊ ဓားနှင့်တူသော စကားကို ဆင်ခြင်ပြီးပြောဆိုရန် မီးမောင်းထိုးပြထားပါသည်။

**"အကျိုးမရှိ၊ ဆင်ခြင်ကြည့်၊ အကျိုးရှိမှပြော။ ပြောသင့်မပြောသင့်၊ ချိန်ခါချင့်၊ ပြောသင့်ခါမှပြော"**ဆိုသည့် သတိပေးချက်သည် အလွန်ပင်မှန်ကန်လှသည်။ အရက်သေွးကြွနေသော လူ့ဗာလကို ဖျောင်းဖျနားချ စကားပြောဆိုနေပါက လေကုန်လူပင်ပန်းပြီး စိတ်မချမ်းသာသောဝေဒနာကို ခံစားကြရလေ့ရှိသည်။ ကျွဲပါးစောင်းတီး အချည်းနှီးသဘောပင်ဖြစ်သည်။ အရက်ကြောင်ကြောင်နေသူကို ဆုံးမသြဝါဒသွားပေးမိပါက အသက်အန္တရာယ်ပြန်ပေးမှာသေချာသည်။

လောဘ၊ဒေါသ၊မောဟ၊မာန်မာနတက်နေသူများကို ရွှေပြည်အေးတရားဟောကြားပြီး နားချဖျောင်းဖျနေလျှင်လည်း အမောသာအဖတ်တင်ကျန်နေပေလိမ့်မည်။ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲကို ငုံ့ကြည့်လျှင် အရိပ်ထင်ရိုးထုံးစံမရှိသကဲ့သို့ အမှန်တရားကိုမမြင်တော့ပေ။ အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးအားကြီးနေသဖြင့် အမှားကိုအမှန်ထင်နေချိန်မျိုးတွင် ဝင်ရောက်နားချဖျောင်းဖျနေပါက သံသယဝင်ပြီးရန်သူဟုပင် ထင်သွားနိုင်ပါသည်။ လင်မယားအချင်းများနေကြသည့်ကြား ဝင်တားမိသူ၊ ဖျန်ဖြေပေးသူများ ထိခိုက်ဒဏ်ရာရ သေဆုံးကြရခြင်းမှာ စကားကြောင့်ပင်ဖြစ်ပါသည်။

**❖လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတက်နေသူများကို ရွှေပြည်အေးတရားဟောကြားပြီး နားချဖျောင်းဖျနေလျှင်လည်း အမောသာအဖတ်တင်ကျန်နေပေလိမ့်မည်။ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲကို ငုံ့ကြည့်လျှင် အရိပ်ထင်ရိုးထုံးစံမရှိသကဲ့သို့ အမှန်တရားကိုမမြင်တော့ပေ။ အတ္တ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးအားကြီးနေသဖြင့် အမှားကိုအမှန်ထင်နေချိန်မျိုးတွင် ဝင်ရောက်နားချဖျောင်းဖျနေပါက သံသယဝင်ပြီး ရန်သူဟုပင်ထင်သွားနိုင်ပါသည်။ ❖**

ကိုယ်ပြောသည့်စကားက အမှန်တရားဖြစ်ပြီး ချိုမြိန်သာယာဖွယ်ကောင်းလှသော်လည်း အမြင်ဝေဝါး ဆင်ခြင်တရားကင်းမဲ့နေကြသူများကတော့ သူတို့နားဝမှာခါးနေကြလေရာ မှားပြီးရင်းမှားကာ အမှားသံသရာ လည်နေကြပါသည်။

ထို့ကြောင့် **"မန်လည်ဆရာတော်ဘုရားကြီး"**က **"သူမိုက်တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောကြားပါက၊ အပြစ်ရ၏"**ဟုတားမြစ်သတိပေးထားသည်။ **"ကျွဲပါးစောင်းတီး အချည်းနှီး" "ပလွေဆူညံ၊ နွားအကန်ခံရ"** ဟူသောစကားများသည် လူယုတ်မာ၊ လူ့ဗာလ၊ လူ့အန္ဓများကို စေတနာထားမိပါက ဝေဒနာခံစားကြရမည်ဖြစ်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

**"ပြောသင့်မပြောသင့်၊ ချိန်ခါချင့်၊ ပြောသင့်ခါမှပြော"**ဟူသောဆောင်ပုဒ်နှင့်ပတ်သက်၍ ရာဇဝင်တွင် ထင်ရှားသည့်သာဓကရှိခဲ့သည်။ မင်းကြီးစွာစော်ကဲကို ဘုရင်ဖြစ်စေရန် နန်းတင်ပေးခဲ့သော ရာဇသင်္ကြံ အမတ်ကြီးသည် ဘုရင်ကသူ့ကိုပြန်လည်မြှောက်စားမှုမပြုသောကြောင့် နန်းတွင်းမင်းညီမင်းသားမှူးမတ်များအလယ်တွင် ပန်းပွတ်သည်သား၊ ကောင်းစားနေသဖြင့်၊ ကွမ်းအစ်အစုတ်အပဲ့ကိုသာ၊ သုံးစွဲနေရကြောင်း၊ ဘုရင်ကိုစောင်းမြောင်းလျှောက်တင်ခဲ့သည်။ ဘုရင်ကလည်း သူ၏မိခင်ပန်းပွတ်သည်ကို ထိပါးသည့်အပြင် သူ့ကိုပါအရှက်ခွဲသောကြောင့် မျက်မာန်တော်ရှပြီး ဘုရားပြီးလျှင် ငြမ်းဖျက်ရသည်ဆိုကာ ရာဇသင်္ကြံအမတ်ကြီးကို ဒလသို့နယ်နှင်ဒဏ်ပေးခဲ့သည်။ အချိန်အခါချင့်ချိန်ပြီး ပြောသင့်မပြောသင့်မစဉ်းစားဘဲ ဆန္ဒကိုရှေ့တန်းတင်ပြီး ပြောဆိုမိ၍ မင်းပြစ်မင်းဒဏ်သင့်ရခြင်းဖြစ်သည်။ **"အပြောမတော်တစ်ခွန်း၊ ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်၊ ထင်တိုင်းလည်း မဆိုနှင့် ဝင်တိုင်းလည်း မမျိုနှင့်"** ဟူသောစကားများလည်း ပါဝင်သည်။

**"ကိုယ်ကိုချုပ်တည်းသော်လည်း၊ နှုတ်မစောင့်စည်းခြင်းကြောင့် ဘေးတွေ့တတ်သည်"**ဟူသောစကားပုံနှင့်သက်ဆိုင်သည့် သာဓကတစ်ရပ်ရှိခဲ့ပါသည်။ ရေခန်းနေသော ရေကန်ထဲမှလိပ်ကို မိတ်ဆွေဗျိုင်းနှစ်ကောင်ကကယ်တင်ပြီး ရေရှိသော ကန်ထဲသို့ ပြောင်းရွှေ့ပေးရန် စီစဉ်ခဲ့ကြသည်။ ပြောင်းရွှေ့ခါနီးတွင်ဗျိုင်းနှစ်ကောင်က လိပ်ကိုကြိုတင်၍ သတိပေးထားခဲ့သည်။ သူတို့ကတုတ်တစ်ချောင်း၏ တစ်ဖက်ထိပ်တွေကနေ ပါးစပ်ဖြင့်ကိုက်ချီကြမည်။ လိပ်ကတုတ်ချောင်းအလယ်ကို ပါးစပ်ဖြင့်ကိုက်ပြီး လိုက်ပါခဲ့ရမည်။ ထိုသို့လိုက်ပါလာရာတွင် ကိုယ်ရောနှုတ်ပါငြိမ်သက်စွာလိုက်ပါရမည်။ လမ်းခရီးတွင် မြင်တွေ့ကြားသိသမျှအားလုံးကို သည်းခံလျစ်လျူရှုပြီး ပြန်လည်တုံ့ပြန်မှုမပြုလုပ်ဘဲ လှုပ်ရှားမှုကင်းမဲ့စွာ အသံတိတ်လိုက်ပါရမည်ဟု သေသေချာချာ သတိပေးပြီး ကယ်တင်ခဲ့ကြသည်။

သို့သော် ကောင်းကင်လမ်းခရီးတွင် အခြားသောကောင်းကင်သတ္တဝါများက လိပ်ကိုမခံချင်အောင် စကားများဖြင့်လှောင်ပြောင်ခဲ့ကြရာ လိပ်ကလည်း သည်းမခံနိုင်တော့ဘဲ ပြန်လည်တုံ့ပြန်ရန်ပါးစပ်ကို ဟလိုက်သောကြောင့် မြေပြင်ပေါ်သို့ပြုတ်ကျ၍ သေဆုံးခဲ့ရသည်။ အချို့ကလည်း လူတွေကမြေပြင်ပေါ်မှာနေ၍ ဗျိုင်းနှစ်ကောင်က လိပ်သေကောင်ကြီးကို သယ်ဆောင်လာသည်ဟု အော်ဟစ်ပြောဆိုကြသည်ကို လိပ်ကဒေါကန်ပြီး ပြန်ပြောသောကြောင့် မြေပြင်ပေါ်သို့ပြုတ်ကျသေဆုံးရသည်ဟုဆိုကြသည်။ အဓိကအချက်မှာ နှုတ်မစောင့်စည်းမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

ကုန်းတိုက်၊ ခလောက်ဆန်၊ အကောက်ကြံ့ အတို့အထောင်လုပ်၊ ပုတ်ခတ်စွပ်စွဲသော **"ပိသုဏဝါစာစကား"**ပြောကြားသူများသည် လောကီမှာရော လောကုတ္တရာမှာပါ ဒုက္ခများစွာကို ခံစားကြရလေ့ရှိသည်။ သာဓကပေါင်းများစွာရှိသည်။

**"သူကရမုခပေတဝတ္ထု၊ ပူတိမုခပေတဝတ္ထု"**ထဲမှ **"ပေသုဏရဟန်း"**၏ဖြစ်ရပ်ကို မျှဝေပေးလိုသည်။ ဂေါတမဘုရားရှင်လက်ထက်က နာရဒထေရ်သည် ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံကြွရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှဆင်းသက်လာခဲ့ရာ တောင်ခြေတွင် လူကိုယ်နှင့်ဝက်ခေါင်းပြိတ္တာကြီးကို မြင်တွေ့လိုက်ရသောအခါ ဘာ့ကြောင့် ယခုလိုဘဝမျိုးဖြစ်နေရပါသနည်းဟု မေးမြန်းခဲ့သည်။ ပြိတ္တာကြီးက ကဿပဘုရားရှင်လက်ထက်မှာ သူသည်**"ပေသုဏရဟန်း"**ဖြစ်ခဲ့စဉ်က တောရွာတစ်ရွာရှိ မထေရ်ကြီးနှစ်ပါး သီတင်းသုံးနေသောကျောင်းသင်္ခမ်းမှာ ဝင်ရောက်နားခိုခဲ့သည်။ ပေသုဏရဟန်းသည် ကျောင်းသင်္ခမ်းကိုလိုချင်လောဘဖြင့် အကျင့်သီလနှင့်ပြည့်စုံပြီး တစ်ပါးနှင့်တစ်ပါး မေတ္တာထားနေကြသောမထေရ်ကြီးနှစ်ပါးကို မတည့်အောင် ကုန်းချောကုန်းတိုက်လုပ်ပေးပြီး သွေးခွဲခဲ့သည်။ ထို့ကြောင့် ကျောင်းသင်္ခမ်းကိုရခဲ့သော်လည်း မှားမှန်းသိသွားကာ နောင်တရကြေကွဲပြီး ပျံလွန်တော်မူသွားသောအခါ အဝီစိငရဲမှာ ဘုရားတစ်ဆူပွင့်သည့်တိုင်အောင် ကျခံခဲ့ရသည်။

တစ်ခဏာသုခကိုမက်ပြီး ကုန်းချောကုန်းတိုက်လုပ်ခဲ့သောကြောင့် ဘဝပေါင်း ကပ်ကမ္ဘာသိန်းချီပြီးခံခဲ့ရသည်။ အဝီစိငရဲကလွန်ပြန်သော်လည်း ပိသုဏဝါစာအကုသိုလ်အကြွင်းအကျန်ကြောင့် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်မှာ ယခုလို လူကိုယ်နှင့် ဝက်ခေါင်းပြိတ္တာဖြစ်ခဲ့ရကြောင်း၊ နှုတ်မစောင့်ထိန်းမိသောကြောင့် ဝက်ခေါင်းနှုတ်မှာပိုးလောက်များက အတိတ်က သရမ်းခဲ့သောပါးစပ်ကို ပြန်လည်ထိုးဖောက်စားသောက်နေကြသည်ကို ခံနေရပါကြောင်း သံဝေဂစကားဖြင့် ရှင်းပြဝန်ခံခဲ့သည်။

**"ဝစီဘေဒ ထိတိုင်းရှ"**ဟူသောဆိုရိုးစကားနှင့်ပတ်သက်၍လည်း နိပါတ်တော်လာသာဓကရှိသည်။ နှစ်ကျိတ်ရှစ်ဆူသော ဘုရားရှင်တို့ထဲတွင်ပါဝင်သည့် **"သိခီဘုရားရှင်"**လက်ထက်အခါက ဘိက္ခုနီမတစ်ပါးသည် တစ်နေ့သောအခါမှာ အဖော်ဘိက္ခုနီမများနှင့်အတူ စေတီတစ်ဆူဝယ် လှည့်လည်ပူဇော်ခဲ့ကြသည်။ ရှေ့ဆုံးမှသွားနေသော ရဟန္တာဘိက္ခုနီမသည် စေတီတော်ကိုလှည့်လည်ပူဇော်နေရင်းက နှာချေမိသဖြင့် စေတီရင်ပြင်တော်ပေါ်သို့ တံတွေးတစ်ပေါက်ကျသွားခဲ့ရသည်။ ထိုတံတွေးပေါက်ကို ဘိက္ခုနီမတစ်ပါးက မြင်သောအခါ "အဘယ်ပြည့်တန်ဆာမသည် ဤနေရာ၌တံတွေးထွေးခဲ့သနည်း"ဟု ဆဲရေးအပြစ်တင်ခဲ့သည်။ ထိုဆဲရေးအပြစ်တင်သော ဘိက္ခုနီမ သေဆုံးသောအခါ ငရဲသို့ကျခဲ့သည်။ ငရဲမှလွတ်မြောက်သောအခါ လူ့ဘဝပေါင်းတစ်သောင်းတိုင်အောင် ပြည့်တန်ဆာမဘဝဖြင့်ရပ်တည်ခဲ့ရသည်။ နောက်ဆုံးဘဝ၌တွင်မူ ဝေသာလီပြည်တွင် **"အမ္ဗပါလီ"** အမည်ဖြင့် ပြည့်တန်ဆာဖြစ်ခဲ့ရသည်။

**"ပါးစပ်မှာဓား၊ လျှာဆိုသည့်ဓား"**က သူများကိုလှီးဖြတ်သလို ကိုယ့်ကိုယ်ကိုယ်လည်း ပြန်လည်လှီးဖြတ်လေ့ရှိသည်ကို ဇာတ်နိပါတ်တော်များက သာဓကပြထားသည်မှာ လွန်စွာပင်ကြောက်လန့်စရာကောင်းလှသည်။

**"ကိုယ်အမူအရာ၊ ခက်ထန်ကြမ်းတမ်းရင်၊ အဖယုတ်တဲ့သား၊ နှုတ်အမူအရာကြမ်းတမ်းရင် အမိယုတ်တဲ့သား"**ဟုပြောဆိုနေခဲ့ကြသည်။ ထို့ကြောင့် **"သုတရတနာဆုံးမစာ"**မှာ**"စကားယွင်းစုတ်၊ အဆိုနုတ်မူ၊ အမိယုတ်သည့်သား"**ဟု ဆိုထားသည်။ မိမိစကားပြောရမ်းကားမှုကြောင့် မိခင်ကိုပင် ထိခိုက်စေရာ ဆင်ခြင်သင့်သည်။

နှုတ်ခမ်းကိုလှပအောင် စွမ်းဆောင်ပြုလုပ်ပေးသောအရာမှာ နှုတ်ခမ်းဆိုးဆေးမဟုတ်ပါ။ ယဉ်ကျေးချိုသာ၊ မှန်ကန်စွာပြောဆိုခြင်းနှင့် တရားစာရွတ်ဖတ်သင်အံခြင်းသာဖြစ်ပါသည်။ နှုတ်နာပျောက်ကင်းလိုပါက မလိမ်ညာပါနှင့်။ အတင်းအဖျင်းမပြောပါနှင့်။ ကြမ်းကြမ်းတမ်းတမ်းမပြောပါနှင့်။ စကားပြောကြမ်းလျှင် လူမုန်း များတတ်သည်ဟု ရှေးလူကြီးသူမများက ပြောဆိုဆုံးမသြဝါဒပေးခဲ့ကြသည်။

ထို့ကြောင့် **"ဒေါသကြီးသူရဲ့ပါးစပ်မှာ ငရဲမီးဟာအမြဲလောင်နေတယ်။ အတင်းအဖျင်းပြောသူရဲ့ပါးစပ်မှာ မြွေဟောက်ဟာအမြဲခွေနေတယ်။ ပါရမီရှိသူရဲ့ပါးစပ်မှာ ပညာဗဟုသုတဟူသမျှဟာ ပုလဲရတနာဖြစ်နေတတ်။ ပါရမီမရှိသူရဲ့ပါးစပ်မှာ ပညာဗဟုသုတဟူသမျှဟာ ဖွဲပြာဖြစ်နေတတ်။ စကားများလွန်းသူဟာ အရူးလိုပဲ အကြည်ညိုတန်တယ်၊ တိတ်တိတ်နေတာက ထောင်တန်တယ်။ ပါးစပ်ကိုပိတ်၊ စိတ်ကိုနှိပ် နိဗ္ဗာန်ရောက်မယ့်စိတ်"**ဟုတရားစခန်းများတွင် တရားပြသူများက လမ်းညွှန်ပြနေလေရာ လိုက်နာသင့်သည်။

စာမျက်နှာ ၅ သို့ ➤

# ကလေးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၂၅၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၂၅၂၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၂၅၄ ကေနှင့် ဖူးစားပြောင်း ၆၀၂၈ ကေ စုစုပေါင်း ၂၃၂၈၂ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၉၃၈၂ ကေနှင့် ဖူးစားပြောင်းကေ ၃၁၄၀ ကေ စုစုပေါင်း ၁၂၅၂၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းကေ ၂၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်းနှင့် ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ကေလျှင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျပြီး အစေ့ထုတ်ပြောင်းတစ်ကေလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး ဖူးစားပြောင်း တစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံများကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

➢ စာမျက်နှာ ၄ မှအဆက်

**"စကားများက အမှားပါတတ်သည်" "ငှါစကားနွားရ" "ဒေါသကြီးသူစကားတို" "အပြောမတော်တစ်ခွန်း"**ဟူသောစကားများနှင့် အကျုံးဝင်သည်။ လူမဆိုထားနှင့်။ တိရစ္ဆာန်နွားသည်ပင်လျှင် စကားပြောကြမ်းတမ်းသည်ကို လက်မခံပေ။ ချိုသာယဉ်ကျေးသောစကားကိုသာ နှစ်သက်လက်ခံသည်။ ဇာတ်နိပါတ်တော်လာ ဘုရားအလောင်းတော် နွားလားဥသဘဘဝမှာ နွားလှည်းပြိုင်ပွဲကျင်းပခဲ့ရာ လှည်းမောင်းသူက ဘုရားအလောင်းနွားလားဥသဘ ကို ကြမ်းတမ်းစွာဆဲဆိုကြိမ်းမောင်းသည့်အပြင် ကြိမ်လုံးဖြင့် ရက်ရက်စက်စက်ရိုက်နှက်မောင်းနှင်ခဲ့သဖြင့် နွားလားဥသဘက စိတ်ဓာတ်ကျအားငယ်ပြီး မပြေးသည့်အတွက် ရှုံးနိမ့်သွားခဲ့သည်။ နောက်တစ်ကြိမ်ထပ်မံပြိုင်ကြသောအခါ လှည်းသမားက "ဖေ့သားကြီးကလိမ္မာပါတယ်ကွာ။ ဖေကြီးကို ကူညီပါသားကြီးရာ။ ကဲ---တို့သားအဖတွေ နိုင်အောင်ကြိုးစားကြပါစို့ကွာ"ဟု ချိုချိုသာသာ လိမ္မာယဉ်ကျေးစွာဖြင့် နွား၏ကျောကို ပွတ်သပ်ချော့မော့ပြီး ယှဉ်ပြိုင်ပါလေမှ အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် **"သုဘာသိတာစယာဝါစ"** "မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ"ဟု ၃၈ ဖြာမင်္ဂလာတရားထဲမှာ ညွှန်းဆိုထားသည်။

ပါးစပ်--ပါးစပ်--ကောင်းကျိုးပေးတာလည်း သည်ပါးစပ်၊ ဆိုးကျိုးပေးတာလည်း သည်ပါးစပ်။ ထိုထို ဤဤ အနှီပါးစပ်များကို ထိန်းချုပ်နိုင်ကြပါက ပြဿနာများကင်းဝေးပြီး အေးချမ်းသာယာစွာ ရပ်တည်သွားနိုင်ကြပေမည်။

ပါးစပ်သည် စားသောက်ရန်နှင့်စကားပြောရန်အတွက်ဖြစ်သည်။ **"အားနာစာမစားနှင့်။ နမြောစာ မစားနှင့်။ မတည့်စာမစားနှင့်။ လိုတာထက်ပိုမစားနှင့်" "သောကကိုရှောင်၊ ဝအောင်မစား၊ လှုပ်ရှားကိုယ်လက်၊ ဤသုံးချက်၊ အသက်ရှည်ကြောင်းတည်း"** ဟု စားသောက်ရေးအတွက် သတိပေးထား၏။ စကားနှင့်ပတ်သက်၍ကား ဩဝါဒ၊ ဆုံးမစာ၊ စကားပုံ၊ ဓမ္မလင်္ကာ၊ သံပေါက်မြောက်မြားစွာရှိပါသည်။

အစားမှားလျှင် ကျန်းမာရေးထိခိုက်သလို စကားမှားလျှင် အရှက်သိက္ခာကျသည့်အပြင် ရန်လည်းများတတ်သည်။ လူအထင်သေး၊ အမြင်သေးပြီး ရှုတ်ချဝိုင်းပယ်ခြင်းခံကြရသည်။ တမလွန်ဘဝသို့ ရောက်သွားပါက အပါယ်လားပြီး ပြိတ္တာဖြစ်သွားကြပေလိမ့်မည်။ ထို့ကြောင့် **"နှုတ်ကြောင့်သေ"**အမှုပွေ ဒုက္ခပင်လယ်ဝေခြင်းဘေးမှ ကင်းဝေးအောင်၊ အသိသတိကိုယ်စီဖြင့် နှုတ်စည်း၊ ပါးစပ်စည်း စောင့်ထိန်းကြစေချင်ပါသည်။

သို့ဖြစ်ရာ**"သူ့ကိုမမှား၊ မလှည့်စားနှင့်၊ စကား စမြည်၊ မြွက်သည်စစ၊ ပြောသမျှကိုမှန်လှစေ" "တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာ လိုချိုလှစေ"** ဟု **"ရှင်မဟာရဋ္ဌသာရ"**၏ **"လက်သစ်တောင်သာဆုံးမစာ"**နှင့်အညီ လိုက်နာကျင့်သုံးကြစေချင်ပါသည်။

## အောင်ပွဲဆင်တဲ့ မြန်မာ့တပ်မတော်

- ဘယ်နယ်မြေ ဘယ်စခန်းကိုဖြင့်
တက်လှမ်းကာ အောင်လံထူလို့
ပြည်သူတွေ ရင်မှာအေးပြီကွဲ့
သတင်းမွှေးကြားသိပုံ
အားရမကုန် ဝမ်းသာလိုက်ပါဘိ
ချမ်းသာထိုက် မင်္ဂလာပေမို့
အလင်္ကာစာစီသလောက်ပါတဲ့
မြန်မာပြည်ရဲ့တပ်မတော်။

- အခက်အခဲဘယ်လိုကြုံပေမယ့်
မဖြုံတမ်းမို့ ရွှင်လန်းသာ
ပင်ပန်းတာ တကယ်မမှုပါဘု
ပြည်သူ့အတွက် သယ်ပိုးဆောင်
ကြွယ်ဖြိုးနောင် အထင်ကရပါပဲ
မြင်ရတာ ဘဝင်မှာငြိမ့်ပါဘိ
သတ္တိကကျော်။

- ပွဲတိုင်းအောင် နွဲပျော်တင့်
ရဲမာန်ဝင့် ဇာနည်တွေ
လာပြီဆွေ နယ်တစ်လွှားမှာ
အားရဖွယ် သတင်းကောင်းတွေက
အောင်မြင်ကြောင်း သက်သေတည်
အခက်ပြေစေပြီ နိုင်ငံတစ်ဝန်း
လန်းဆန်းကြအတူပျော်
ပြည်သူပေါ် မေတ္တာထား။

- အစဉ်အလာ တကယ်ကောင်းပါတဲ့
သမိုင်းကြောင်းနှင့် တူမကွာ
ပြည်သာယာ ရန်ဘယာဝေးစေဖို့
စစ်တေးသံ အောင်လံလွှင့်ပါလို့
ပြည့်ဂုဏ်မြင့် ကျက်သရေ
အခက်ပြေ အေးမြလန်းစေဖို့
ပင်ပန်းတာ တကယ်မမှုပါတဲ့
ပြည်ထောင်စုကောင်းကျိုးဖော်
ကြောင်းကျိုးမျှော် စွမ်းဆောင်ချက်တွေက
(တပ်မတော်သည် ပြည်သူ့အတွက်ပေမို့..)
ထက်မြက်ပေသား။ ။

**မန္တလာကိုကိုဝင်း**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၆၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**တမူး ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၆၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်၃၃၃၅ကေစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၆၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဟင်းသီးဟင်းရွက် ကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၈၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေကိုအများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးထားပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၇၂၆ ကေ၊ တမူးမြို့နယ်တွင် ၈၆၅ ကေ၊ ခါမ်းပါတ်မြို့တွင် ၁၂၇၅ ကေ စုစုပေါင်း ၂၈၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။



(၂၀၆)

## နိုင်ငံတကာ သတင်းများ

# လာမည့်စက်တင်ဘာလတွင် သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း အီရန်သမ္မတ သတိပေး

**တီဟီရန် ဇူလိုင် ၃၁**

သောက်သုံးရေ အလွန်အကျွံ မသုံးစွဲကြရန် အီရန်သမ္မတ ပီဇက်ရှ်ကီအန်က ယနေ့တွင် ပြည်သူများကို တိုက်တွန်းထားသည်။

သောက်သုံးရေ ရှားပါးပြတ်လပ်မှုပြဿနာသည် အီရန်နိုင်ငံအတွက် မဖြစ်မနေ ရင်ဆိုင်ရနိုင်သည့် ပြဿနာဖြစ်ပြီး လာမည့် စက်တင်ဘာလ အရောက်တွင် သောက်သုံးရေ အကြီးအကျယ် ရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း အီရန်သမ္မတက သတိပေးထားသည်။

ရေအရင်းအမြစ် စီမံခန့်ခွဲမှု နည်းလမ်းများ လွဲမှားမှုနှင့် ရေကို အလွန်အကျွံသုံးစွဲမှုများကြောင့် အီရန်နိုင်ငံသည် လိုအပ်ချက်အမြင့်ဆုံးအချိန်များ၌ ရေနှင့်လျှပ်စစ်ဓာတ်အားပြတ်လပ်မှုများ မကြာခဏ ရင်ဆိုင်ရလေ့ရှိသည်။

မိမိတို့အနေဖြင့် ရေသုံးစွဲမှုကို မထိန်းချုပ်နိုင်ခဲ့ပါက၊ ပြည်သူများက ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ပါက လာမည့်စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလတွင် တီဟီရန်မြို့ရှိဆည်များ၌ ရေကျန်တော့မည်မဟုတ်ကြောင်း အီရန်သမ္မတက ပြောကြားထားသည်။

အီရန်နိုင်ငံသည် ပြီးခဲ့သည့် ငါးနှစ်တာအတွင်း မိုးခေါင်ရေရှားမှုကပ်ဘေးနှင့် ရင်ဆိုင်ခဲ့ရသည့် နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် လေးလတာအတွင်း အီရန်နိုင်ငံရရှိခဲ့သည့် မိုးရေချိန်မှာပုံမှန်ရှိနေကျမိုးရေချိန်၏ ၄၀ ရာခိုင်နှုန်းထိသာရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO



# နိုင်ငံရေးအုပ်စုများ လက်နက်အပ်နှံရန် လက်ဘနွန်သမ္မတ ဂျိုးဆက်အောင်းတိုက်တွန်း

**ဘေရွတ် ဇူလိုင် ၃၁**

လက်ဘနွန် တပ်မတော်ထံ လက်နက်များလွှဲပြောင်းအပ်နှံကြရန် ဟစ်ဇ်ဘိုလာအုပ်စုနှင့် အခြားနိုင်ငံရေးပါတီများကို လက်ဘနွန်သမ္မတ ဂျိုးဆက်အောင်းက ယနေ့တွင် တိုက်တွန်းခဲ့ကြောင်း သိရသည်။

လက်ဘနွန်အစိုးရ တပ်များနှင့် အခြားလုံခြုံရေးအဖွဲ့အစည်းများထံသို့ လက်နက်များလွှဲပြောင်းအပ်နှံရေးမှာ နိုင်ငံရေးပါတီအားလုံး၏ တာဝန်ဖြစ်ကြောင်း လက်ဘနွန်သမ္မတ ဂျိုးဆက်အောင်းက ပြောကြားခဲ့သည်။

သို့ရာတွင် လက်နက်များလွှဲပြောင်းအပ်နှံရေးအတွက် သမ္မတ ဂျိုးဆက်အောင်း၏ တောင်းဆိုချက်ကို ဟစ်ဇ်ဘိုလာအုပ်စုက ငြင်းပယ်ထားသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို လက်နက်များဖြုတ်သိမ်းရန် အမေရိကန်နိုင်ငံက လက်ဘနွန်နိုင်ငံကို ဖိအားပေးလျက်ရှိသည်။

ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းပေးခဲ့ပါက အစ္စရေးနိုင်ငံအတွက်သာ အကျိုးရှိလိမ့်မည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာထိပ်တန်းခေါင်းဆောင်များက ပြောကြားထားသည်။

ဟစ်ဇ်ဘိုလာအုပ်စုသည် ပြီးခဲ့သည့်နှစ်အတွင်း အစ္စရေးနှင့်စစ်ရေးပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် အကြီးအကျယ် အထိနာခဲ့ရသော အီရန်ကျောထောက်နောက်ခံပြု လက်နက်ကိုင်အုပ်စုဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါလက်စတိုင်းလွတ်လပ်ရေးကို အသိအမှတ်ပြုရန် ပြင်သစ်နှင့် အနောက်အုပ်စုနိုင်ငံများ တိုက်တွန်း



**နယူးယောက် ဇူလိုင် ၃၁**

ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် ပြင်သစ်နှင့် အခြားအနောက်အုပ်စုနိုင်ငံ ၁၄ နိုင်ငံတို့က ကမ္ဘာ့နိုင်ငံများကို တောင်းဆိုထားကြောင်း ဇူလိုင် ၃၀ ရက်တွင် ဖော်ပြထားသည်။

ပြင်သစ်အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅ နိုင်ငံတို့က နယူးယောက်မြို့၌ ဆွေးနွေးခဲ့ပြီးနောက် ပါလက်စတိုင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် ကမ္ဘာ့နိုင်ငံများကို တောင်းဆိုထားသည့် ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲ ရပ်တည်ရေးသဘောတရားကို ထိန်းထားနိုင်ရေးအတွက် အဆိုပါပူးတွဲကြေညာချက် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်နိုဘယ်လ်ဘာရော့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားထားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် တရားဝင် အသိအမှတ်ပြုမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က ကြေညာထားသော်လည်း သမ္မတ မက်ခရွန်၏ အဆိုပါကြေညာချက်ကို အမေရိကန်အစိုးရနှင့် အစ္စရေးအစိုးရတို့က ကန့်ကွက်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# နယူးဇီလန်အစိုးရက ကမ်းလွန်ရေပြင်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများပြန်လည်ခွင့်ပြုရန် စီစဉ်ထား

**ဝယ်လင်တန် ဇူလိုင် ၃၁**

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများကို နယူးဇီလန်နိုင်ငံ၌ ပြန်လည်လုပ်ကိုင်ခွင့်ပေးရန် နယူးဇီလန်နိုင်ငံက စီစဉ်ထားကြောင်း ယနေ့တွင် ဖော်ပြထားသည်။

ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်မှုများ ပြန်လည်ခွင့်ပြုရေး ဥပဒေကြမ်းကို နယူးဇီလန်လွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ယခင်ဝန်ကြီးချုပ်ဟောင်း ဂျာစင်ဒါအာဒန်း လက်ထက်တွင် နယူးဇီလန်နိုင်ငံ၌ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေး လုပ်ငန်းများကို ပိတ်ပင်ထားသည်။

သို့ရာတွင် နယူးဇီလန်လွှတ်တော်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းအရ ယခုနှစ်စက်တင်ဘာလမှစ၍ ရေနံနှင့်ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများကို တာရန်နာကီဒေသ ကမ်းလွန်ပင်လယ်ပြင်အတွင်း၌ လုပ်ကိုင်ခွင့်ရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုပြဿနာကို ကိုင်တွယ်ရေးရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားပြုနေရမှုကို လျှော့ချရေးတို့အတွက် ဝန်ကြီးချုပ်ဟောင်း အာဒန်းဦးဆောင်သော နယူးဇီလန် အစိုးရအဖွဲ့သည် ၂၀၁၈ ခုနှစ်တွင် ကမ်းလွန်ရေပြင်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်များထုတ်ပေးမှု စတင်ရပ်ဆိုင်းခဲ့သည်။

ကမ်းလွန်ရေပြင်၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော် ခွင့်ပြုရေးဥပဒေကြမ်းကို နယူးဇီလန်လွှတ်တော်က ထောက်ခံမဲ ၆၈ မဲ၊ ကန့်ကွက်မဲ ၅၄ မဲဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်

**မော်စကို ဇူလိုင် ၃၁**

ဆီးရီးယား နိုင်ငံခြားရေး ဝန်ကြီး အာဆတ် အယ်လ်ရှိဘာနီသည် ယနေ့တွင် ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ဆီးရီးယားနိုင်ငံ၌ အစိုးရအဖွဲ့သစ်ပေါ်ထွက်လာခဲ့ပြီး နောက်ပိုင်း ဆီးရီးယား တာဝန်ရှိသူတစ်ဦး၏ ပထမဆုံး ရုရှားခရီးစဉ်ဖြစ်သည်။

ရုရှားခရီးစဉ်အတွင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ရှီဘာနီသည် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် နိုင်ငံတကာပြဿနာများကို ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။


နိုင်ငံခြားရေးဝန်ကြီးရှီဘာနီ၏ မော်စကိုခရီးစဉ်နှင့်ပတ်သက်၍ ဆီးရီးယားအစိုးရက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ဆီးရီးယားသူပုန်တပ်များက လျှပ်တစ်ပြက် ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ရုရှားနိုင်ငံ၏ မဟာမိတ် ဆီးရီးယားနိုင်ငံ သမ္မတဟောင်း အာဆတ်မှာ အာဏာစွန့်လွှတ်ခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံယာဉ်ကို ၁၀ ကြိမ်မြောက်အဖြစ် လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်




**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံယာဉ်ကို ၁၀ ကြိမ်မြောက် အဖြစ် လွှတ်တင်ရေးအတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီသည် မလွှတ်တင်မီ စစ်ဆေးစမ်းသပ်မှုများပြုလုပ်ရေးအတွက် Starship ဒုံးပျံယာဉ်ကို ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်းရှိ ပစ်စင်သို့ ပို့ဆောင်ထားပြီးဖြစ်သည်။

Starship ဒုံးပျံယာဉ် ၁၀ ကြိမ်မြောက် စမ်းသပ်လွှတ်တင်မှု ပြုလုပ်မည့်နေ့ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် Space-X ကုမ္ပဏီ အနေဖြင့် Starship ဒုံးပျံယာဉ် စမ်းသပ်လွှတ်တင်မှုကို ဩဂုတ်လအစောပိုင်းတွင် ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

ကိုယ်ထည်အလျား ပေ ၄၀၀ ထိရှိသော Starship ဒုံးပျံယာဉ်သည် ဒုံးပျံများအနက် အရွယ်အစား အကြီးမားဆုံးဖြစ်သည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များဆီသို့ လူသားများကိုပို့ဆောင်ရေးအတွက် Starship ဒုံးပျံယာဉ် တည်ဆောက်စမ်းသပ် နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## လအပြင်ကမ္ဘာဂြိုဟ်ကို ပုံမှန်လှည့်ပတ်နေသည့် အသေးစားဂြိုဟ်ရံလများ၏ အရေအတွက်က အနည်းဆုံးခြောက်စင်းထိရှိနေ

**ဝါရှင်တန် ဇူလိုင် ၃၁**

လအပြင် ကမ္ဘာဂြိုဟ်ကို ပုံမှန်လှည့်ပတ်နေသည့် အသေးစားဂြိုဟ်ရံလများ၏အရေအတွက်သည် အနည်းဆုံးခြောက်စင်းထိရှိနေတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၃၀ ရက်သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လအပြင် ကမ္ဘာကိုပုံမှန်လှည့်ပတ်နေသော အသေးစားဂြိုဟ်ရံလအရေအတွက်မှာ အနည်းဆုံး ခြောက်စင်းထိ ရှိနေတတ်ကြောင်း သိရသည်။

အဆိုပါအသေးစားဂြိုဟ်ရံလများအနက် အများစုမှာ လကမ္ဘာမှပဲ့ထွက်လာသည့် အစိတ်အပိုင်းများဖြစ်ပြီး အရွယ်အစားအားဖြင့် အချင်း ခြောက်ပေရှိတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အသေးစား ဂြိုဟ်ရံလများသည် လမျက်နှာပြင်ပေါ်သို့ ဂြိုဟ်သိမ်များကျရောက်ချိန်တွင်ပဲ့ထွက်လာသည့် အစိတ်အပိုင်းများဖြစ်ပြီး ကမ္ဘာဂြိုဟ်၏ဒြပ်ဆွဲအားဩဇာအောက်သို့ ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



အသေးစား ဂြိုဟ်ရံလများသည် ကမ္ဘာပတ်လမ်းပေါ်တွင် အချိန်တိုသာ ရှိနေတတ်ပြီး နေအဖွဲ့အစည်းအတွင်းသို့လွှတ်ထွက်သွားတတ်သော်လည်း လကမ္ဘာမှ ထပ်မံပေါ်ထွက်လာသည့် အစိတ်အပိုင်းသစ်များက အစားဝင်ရောက်လာတတ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ရှေးယခင်ကမူ ကမ္ဘာပတ်လမ်းပေါ်ရှိ အသေးစားဂြိုဟ်ရံလများကို အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ရောက်ရှိလာသည့် ဂြိုဟ်သိမ်ငယ်များအဖြစ် သိပ္ပံပညာရှင်များက ယူဆထားခဲ့ကြသည်။

Ref : Sputnik News

Trs : KKO

## နိုင်ငံတကာသိပ္ပံပညာရှင်များက 31/ATLAS ကြယ်တံခွန်၏အရွယ်အစားကို ခန့်မှန်းနိုင်ခဲ့

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်၏ အရွယ်အစားကို ခန့်မှန်းနိုင်ခဲ့ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 31/ATLAS ကြယ်တံခွန်၏ အရွယ်အစားမှာ အချင်းအားဖြင့် ခုနစ်မိုင်ထိ ရှိကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်၏ အရွယ်အစားမှာ မိမိတို့၏တွက်ချက်မှုအရ ဝေရက်တောင်ထက်ပင် ပိုကြီးမားရာ ရှာဖွေတွေ့ရှိဖူးသမျှ ကြယ်တံခွန်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် 31/ATLAS ကြယ်တံခွန်၏ အရွယ်အစားကို ဗီရာစီရူဘင် အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် တွက်ချက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်ကို ယခုနှစ် ဇူလိုင် ၁ ရက်တွင် အမေရိကန် သိပ္ပံပညာရှင်များက အက်တလပ်စ်ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများဖြင့် အသည်းကင်ဆာဖြစ်ပွားမှုအများစုကို တားဆီးနိုင်

**ပေကျင်း ဇူလိုင် ၃၁**

အသည်းကင်ဆာ ရောဂါဖြစ်ပွားမှုငါးခုတွင် သုံးခုမှာအဝလွန်မှု၊ အရက်သေစာ သောက်သုံးမှုတို့ကို လျှော့ချခြင်း၊ အသည်းရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းတို့ဖြင့် တားဆီးနိုင်သည့် ရောဂါဖြစ်စဉ်များဖြစ်ကြကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်ဝန်း အသည်းကင်ဆာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်အများစုကို ဘဝနေထိုင်မှုပုံစံ အပြောင်းအလဲပြုလုပ်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများဖြင့် တားဆီးနိုင်ကြောင်း သိရသည်။

အရက်သောက်သုံးမှုကိုလျှော့ချခြင်း၊ အသည်းအဆီဖုံးရောဂါ၊ အသည်းရောင်ရောဂါဘီနှင့် စီတို့ကို ကုသခြင်း၊ ကာကွယ်ဆေးများထိုးနှံခြင်းတို့ဖြင့် အသည်းကင်ဆာရောဂါ ဖြစ်ပွားမှုများကို ကြိုတင် ကာကွယ်နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ အကြံပြုချက်များကို လက်တွေ့ကျင့်သုံးပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် အသည်းကင်ဆာရောဂါဖြစ်ပွားနှုန်းကို နှစ်စဉ် နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ တစ်ကမ္ဘာလုံး အတိုင်းအတာအရ လျှော့ချနိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အသည်းကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်း၌ တဖြည်းဖြည်း ကြီးထွားလာသည့် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာပြီး ကုသရန် အခက်ဆုံးကင်ဆာရောဂါများထဲတွင်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများက နာတာရှည်မောပန်းနွမ်းနယ်မှုပြဿနာကို ဖော်ထုတ်ပေးနိုင်

**နယူးယောက် ဇူလိုင် ၃၁**

ကာလရှည် ကိုဗစ်-၁၉ ရောဂါနှင့် နာတာရှည်မောပန်းနွမ်းနယ်မှု ပြဿနာများကို အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားများက ဖော်ထုတ်ပေးနိုင်သည်ဟု သုတေသန ပညာရှင်များက ဇူလိုင် ၃၀ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

နာတာရှည်မောပန်းနွမ်းနယ်မှုပြဿနာ Chronic Fatigue Syndrome ရှိနေသူများသည် အလွန်အမင်း မောပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ဦးနှောက်ကြည်လင်မှုမရှိခြင်းစသည်တို့ကို ခံစားရတတ်သည်။

သို့ရာတွင် ၎င်းပြဿနာကို စစ်ဆေး ဖော်ထုတ်နိုင်သည့်နည်းလမ်းမရှိခြင်းကြောင့် နာတာရှည် မောပန်းနွမ်းနယ်မှု ပြဿနာကို အခြားရောဂါများအဖြစ် မှားယွင်းသတ်မှတ်မှုများ ရှိတတ်ကြောင်း သိရသည်။

သို့ရာတွင် အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံသည် နာတာရှည် ပင်ပန်းနွမ်းနယ်မှုပြဿနာနှင့် ကာလရှည် ကိုဗစ်-၁၉ ရောဂါတို့ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၂၄၉ ဦးတို့၏အစာခြေလမ်းကြောင်းစနစ် ဗက်တီးရီးယားစုဖွဲ့မှုပုံစံကို လေ့လာခြင်းဖြင့် ကာလရှည်ကိုဗစ်-၁၉ ရောဂါနှင့် နာတာရှည်ပင်ပန်းနွမ်းနယ်မှုပြဿနာများကို ၉၀ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ်အဖွဲ့ချုပ်က Referee Body Camera စနစ်ကို စတင်အသုံးပြုရန်စီစဉ်

**လန်ဒန် ဇူလိုင် ၃၁**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် Referee Body Camera ကို စတင်အသုံးပြုရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

Referee Body Camera စနစ်သည် ကွင်းလယ်ဒိုင်လူကြီးများတွင် ကင်မရာတပ်ဆင်ပြီး မှတ်တမ်းတင် ထားမည်ဖြစ်ကာ ကွင်းလယ်ဒိုင်လူကြီးများ အတွက် အထောက်အကူ ပြုနိုင်မည့်အပြင် ရုပ်သံမှ ကြည့်ရှုသူပရိသတ်များအတွက် စိတ်ခံစားမှုအသစ် ပိုမိုရရှိစေရန်အတွက် အသုံးပြုရန် စီစဉ်နေခြင်းဖြစ်သည်။

နိုင်ငံတကာဘောလုံးဥပဒေရေးဆွဲသည့် IFAB က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ပြိုင်ပွဲများအပြင် အခြားကလပ်ပြိုင်ပွဲများတွင်လည်း Referee Body Camera စနစ်ကို စတင်အသုံးပြုနိုင်သည်ဟု အတည်ပြုကြေညာခဲ့ပြီးနောက် Referee Body Camera ကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်က စတင်အသုံးပြုရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က Referee Body Cameraကို လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စတင်အသုံးမပြုမီ လက်ရှိအမေရိကန်နိုင်ငံတွင် အဲဗာတန်အသင်း၊ ဘုန်းမောက်အသင်းနှင့် မန်ယူအသင်းတို့၏ ရာသီကြိုခြေစမ်းပွဲခရီးစဉ် ပြိုင်ပွဲတစ်ခုဖြစ်သည့် Premier Series ပွဲစဉ်ဖြစ်သည့် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ပွဲစဉ်တွင် စတင်စမ်းသပ်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## National Bank Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ တေလာဖရစ်ဇ် တက်ရောက်

**အော့တဝါ ဇူလိုင် ၃၁**

ကနေဒါနိုင်ငံတွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် စပိန်တင်းနစ်ကစားသမား ကာဘယ်လက်စ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာတေလာဖရစ်ဇ်က ( ၇-၅ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

တေလာဖရစ်ဇ်သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွင်း ဆုဖလားနှစ်လုံး ဆွတ်ခူးရရှိထားသည့် တင်းနစ်ကစားသမားတစ်ဦးဖြစ်ပြီး National Bank Open တင်းနစ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားစာရင်းတွင် ပါဝင်နေသူဖြစ်သည်။ တေလာဖရစ်ဇ်အနေဖြင့် ကာဘယ်လက်စ်အား အကောင်းဆုံးဖိအားပေးနိုင်ခဲ့သလိုကာဘယ်လက်စ်၏ တုံ့ပြန်မှုကိုလည်း အကောင်းဆုံး ကာကွယ်နိုင်ခဲ့သည်။

တေလာဖရစ်ဇ်က “တကယ့်ကို ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ပွဲငယ်နှစ်ပွဲစလုံး tie-break အဆင့်ထိ ကစားခဲ့ရတယ်။ ကျွန်တော် စပေးဘောရချိန်မှာလည်း သူအကောင်းဆုံးကာကွယ်နိုင်ခဲ့သလို သူစပေးဘောရချိန်မှာလည်းအကောင်းဆုံး တုံ့ပြန်နိုင်ခဲ့တယ်။ ဒါပေမဲ့လည်းတကယ်အရေးပါတဲ့ ရိုက်ချက်တွေမှာတော့ ကျွန်တော့်အနေနဲ့ ထိရောက်စွာ ရိုက်နိုင်ခဲ့ပြီးတော့ အနိုင်ရလဒ်နဲ့ ထိုက်တန်တဲ့ စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ပါတယ်။ အခုလိုတတိယအဆင့်ကို တက်လှမ်းနိုင်ခဲ့လို့ ဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့သည်။

တေလာဖရစ်ဇ်သည် တတိယအဆင့်တွင် ကနေဒါတင်းနစ်ကစားသမား ဒီယာလိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

### အားကစားသတင်းအတိုအထွာများ

- ❑ အေဗီလာအသင်းက ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်နေသည့် ပေါ်တိုအသင်းမှ အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဆာမူကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၅ သန်း ဝန်းကျင်ဖြင့် ခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- ❑ ပီအက်စ်ဂျီအသင်းက အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ဂိုးသမား ဒွန်နာရမ်မာ၏နေရာတွင် အစားထိုးရန်အတွက် လိုင်လီအသင်းမှ ဂိုးသမား လူးကပ်ချီဘာလီယာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ နည်းပြအာမိုရင်လက်အောက်တွင် ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် တိုက်စစ်မှူး ဟိုက်လန်းကို နည်းပြတန်ဟတ်၏ လေဗာကူဆင်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

ML

## ဗာဂတ်စ်က စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား ဒိုင်ဂိုကို အနိုင်ယူပြီး WBA ဘင်တန်ဝိတ်တန်း လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့



**နယူးယောက် ဇူလိုင် ၃၁**

WBA ဘင်တန်ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား ဗာဂတ်စ်သည် စိန်ခေါ်သူ ဂျပန်လက်ဝှေ့သမား ဒိုင်ဂိုနှင့် ဇူလိုင် ၃၀ ရက်က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ထိုးသတ်ခဲ့ရာ ဗာဂတ်စ်က ဒိုင်အမှတ်ဖြင့်အနိုင်ရရှိကာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်သွားနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိုင်ဂိုသည် ငါးချီမြောက်တွင် လက်ရှိချန်ပီယံ ဗာဂတ်စ်အား လဲကျအောင် ထိုးသတ်နိုင်ခဲ့သော်လည်းနောက်ဆုံးအချီတွင် ဗာဂတ်စ်၏ တစ်ဖက်သတ်ထိုးသတ်မှုများကြောင့်လဲကျခဲ့ပြီး ဗာဂတ်စ်က ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဒိုင်ဂိုအနေဖြင့် အသာစီးရယူနိုင်ခဲ့သည်ဟု သတ်မှတ်နိုင်သော်လည်း ဗာဂတ်စ်က ပိုမိုထိရောက်သောထိုးသတ်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် အမှတ်ပေးဒိုင်များက ဗာဂတ်စ်အား အမှတ်ပိုပေးခဲ့သော်လည်း ရမှတ်များမှာ ပြတ်သားမှုမရှိခဲ့ကြောင်း သိရသည်။

ဗာဂတ်စ်က “ကျွန်တော့်အတွက် တော်တော်လေးကိုခက်ခဲတဲ့ စိန်ခေါ်ပွဲဖြစ်ပါတယ်။ ဒိုင်ဂိုအနေနဲ့ တကယ်ကိုကောင်းခဲ့ပါတယ်။ သူ့ရဲ့ဖိအားပေးမှုကြောင့်လည်း ကျွန်တော့်အနေနဲ့ တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ အမှတ်ပေးဒိုင်တွေကတော့ အမှန်တကယ် ထိချက်မှန်တဲ့ ထိုးချက်တွေကို အမှတ်ပေးသွားတာဖြစ်ပါတယ်။ အငြင်းပွားဖွယ်ရာ ရလဒ်လို့ ပြောနေကြပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ အနိုင်ရလဒ်နဲ့ ထိုက်တန်တယ်လို့ ခံစားမိပါတယ်” ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## နည်းပြဘဝတွင် ပြောင်းရွှေ့ကြေး ယူရိုနှစ်ဘီလီယံအသုံးပြုခဲ့သည့် နည်းပြအဖြစ် ဂွါဒီယိုလာမှတ်တမ်းဝင်

**မန်ချက်စတာ ဇူလိုင် ၃၁**



နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းသို့ ဂိုးသမား ထရက်ဖို့ဒ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၁ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် နည်းပြ သက်တမ်းတစ်လျှောက်တွင် ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး ယူရိုနှစ်ဘီလီယံ ပြည့်မြောက်ခဲ့သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ရိုင်းဒါးစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၆ သန်း၊ ကွင်းလယ်တိုက်စစ်မှူး ချာကီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၄ သန်း အသုံးပြုခဲ့ပြီးနောက် ဘန်လေအသင်းမှ ဂိုးသမား ထရက်ဖို့ဒ်ကို အသင်းသို့ ပြန်လည်ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၁ သန်း သုံးစွဲခဲ့ပြီးနောက် နည်းပြသက်တမ်းတစ်လျှောက်တွင် ပြောင်းရွှေ့ကြေး ယူရိုနှစ်ဘီလီယံဖြင့် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုသည့် နည်းပြဖြစ်လာခဲ့သည်။

နည်းပြဂွါဒီယိုလာနောက်တွင် အေတီကိုအသင်းနည်းပြ ဆီမွန်နီက ပြောင်းရွှေ့ကြေး ယူရို ၁ ဒသမ ၃၁ ဘီလီယံဖြင့် ဒုတိယ၊ အေစီမီလန် အသင်းနည်းပြ အယ်လီဂရီက ပြောင်းရွှေ့ကြေး ယူရို ၁ ဒသမ ၂ ဘီလီယံဖြင့် တတိယ၊ အင်္ဂလန်လက်ရွေးစင်နည်းပြတူချယ်က ယူရို ၁ ဒသမ ၁၉ ဘီလီယံဖြင့် စတုတ္ထ၊ နာပိုလီအသင်းနည်းပြ ကွန်တီက ပြောင်းရွှေ့ကြေး ယူရို ၁ ဒသမ ၁၆ ဘီလီယံဖြင့် ပဉ္စမနေရာတွင် အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

နည်းပြ ဂွါဒီယိုလာသည် ၂၀၀၈ ခုနှစ်က ဘာစီလိုနာအသင်းနှင့် နည်းပြဘဝစတင်ခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်း၊ မန်စီးတီးအသင်းတို့ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလား သုံးကြိမ်၊ ဘွန်ဒက်လီဂါဖလား သုံးကြိမ်၊ ပရီးမီးယားလိဂ်ဖလား ခြောက်ကြိမ်၊ လာလီဂါဖလား သုံးကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား လေးကြိမ် ၊ ပိုကယ်ဖလားနှစ်ကြိမ်၊ ဖီဖာကလပ်ကမ္ဘာ့ဖလား လေးကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်၊ စပိန်ဘုရင့်ဖလားနှစ်ကြိမ်၊ စပိန်စူပါဖလားသုံးကြိမ်၊ ကွာရာဘောင်းဖလားလေးကြိမ်၊ ကွန်မြူနတီဒိုင်း သုံးကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Daily mail

Trs : ML

## ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ဇာရာဂိုဇာ ဆဲလ်တာဗီဂိုအသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့

**ဘာလင် ဇူလိုင် ၃၁**

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး ဇာရာဂိုဇာသည် စပိန်ကလပ်ဆဲလ်တာဗီဂိုအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူး ဇာရာဂိုဇာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ၎င်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်ရရှိလိုသောကြောင့် ဆဲလ်တာဗီဂိုအသင်းသို့ အငှားစာချုပ်ဖြင့် ထပ်မံပြောင်းရွှေ့ခဲ့ပြီး လက်ရှိတွင် ဆေးစစ်မှုပြုလုပ်နေကြောင်း သိရသည်။

၎င်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ဘိုင်ယန်မြူးနစ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခဲ့သော်လည်း အိုဆာဆူနာအသင်းတွင် ရာသီဝက်အငှားစာချုပ်ဖြင့် ပြန်လည်ကစားခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပူးပေါင်းခဲ့ရာ အသင်းအနေဖြင့် ဇာရာဂိုဇာကို ပုံမှန်ပွဲကစားခွင့်ပေးရန် အခက်တွေ့နေသောကြောင့် ဆဲလ်တာဗီဂိုအသင်း၏ကမ်းလှမ်းမှုကို လက်ခံ၍ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့သည်။

ဇာရာဂိုဇာသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ ပါဝင်ကစားလိုသည့်အတွက် ပုံမှန်ပွဲကစားခွင့် ရရှိနိုင်မည့် ဆဲလ်တာဗီဂိုအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ဆဲလ်တာဗီဂိုအသင်းကလည်း ယူရိုပါလိဂ် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသောကြောင့် ၎င်း၏အိပ်မက်များကို အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

စပိန်နိုင်ငံ မာလာဂါမြို့တွင် မွေးဖွားခဲ့သည့် ဇာရာဂိုဇာသည် ဂရန်နာဒါအသင်းတွင် ကစားခဲ့စဉ်က ပြိုင်ပွဲစုံ ၅၈ ပွဲတွင် သွင်းဂိုး ၁၄ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် အိုဆာဆူနာအသင်းတွင်လည်း သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် စပိန်လက်ရွေးစင် အသင်းနှင့်အတူ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ရွေးချယ်ခံရကာ ပြိုင်ပွဲစုံ သုံးပွဲ ပါဝင်ကစားခွင့် ရရှိခဲ့ကြောင်း သိရသည်။

Ref : Bundesliga

Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယားက Cheongung-II ဒုံးခွင်းဒုံးစနစ်ကို စတင်တပ်ဖြန့်အသုံးပြုနေ



တောင်ကိုရီးယားနိုင်ငံသည် Cheongung-II လေကြောင်းရန်ကာကွယ်ရေးစနစ် တစ်နည်းအားဖြင့် ဒုံးခွင်းဒုံးစနစ်ကို စတင်တပ်ဖြန့်အသုံးပြုနေပြီဖြစ်ကြောင်း ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၂၈ ရက်က ရေးသားဖော်ပြခဲ့သည်။

၎င်းခေတ်မီ အဆင့်မြှင့်တင်ထားသော ဒုံးခွင်းဒုံးစနစ်သည် Cheongung-I မှ ဆင်းသက်လာခြင်းဖြစ်ပြီး တောင်ကိုရီးယားတပ်ဖွဲ့များ၏ စစ်ဆင်ရေးနယ်ပယ်ကို သိသိသာသာ တိုးချဲ့ပေးနိုင်သည်။ မူလ Cheongung-I စနစ်သည် အလယ်အလတ်အမြင့်တွင် ပျံသန်းလာသည့် လေယာဉ်များကို ကြားဖြတ်ဖျက်ဆီးရန် အထူးဒီဇိုင်းထုတ်ထားသော်လည်း Cheongung-II တွင် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှု အကြိမ်ရေတိုးလာမှုကြောင့် ပဲ့ထိန်းဒုံးကျည်များကို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းကိုပါ ထည့်သွင်းထားကြောင်း သိရသည်။

ကာကွယ်ရေးပစ္စည်းဝယ်ယူရေး စီမံခန့်ခွဲရေးဌာန (DAPA) ၏ ထုတ်ပြန်ချက်အရ Cheongung-II စနစ်သည် ကိုရီးယားလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး (KAMD) ဟုခေါ်သော တိုင်းပြည်၏အလွှာစုံကာကွယ်ရေးစနစ်တွင် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ M-SAM Block 2 (တာလတ်ပစ် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်)ဟုလည်း ခေါ်ဆိုလေ့ရှိသည့် Cheongung-II သည် အမြင့် ၁၅ ကီလိုမီတာနှင့် အကွာအဝေး ကီလိုမီတာ ၄၀ ခန့်အတွင်းရှိ ပဲ့ထိန်းဒုံးကျည်ပစ်မှတ်များကို ကြားဖြတ်ဖျက်ဆီးနိုင်စွမ်းရှိသည်။

၎င်းစနစ်သည် တိကျမှုမြင့်မားသော Active Electronically Scanned Array (AESA) ဘက်စုံသုံးရေဒါကို အခြေခံထားပြီး၊ အဆုံးသတ်တိုက်ပွဲဝင်သည့်အဆင့်တွင် အသုံးပြုထားသော ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကို အသုံးပြုထားသည်။ ထိုသို့ထူးခြားချက်များက လေကြောင်းသို့မဟုတ် ပဲ့ထိန်းဒုံးကျည်ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်စေမည်ဖြစ်သည်။

ထို့ပြင် Cheongung-III သည် နောက်ဆုံးပေါ်တိုးတက်မှုဖြစ်ပြီး တောင်ကိုရီးယား၏ တာလတ်ပစ်ကာကွယ်ရေး စွမ်းရည်နည်းပညာများ ရင့်ကျက်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။ ၎င်းစနစ်တွင် အမြင့် ကီလိုမီတာ ၃၀ ထိ ပျံသန်းသော ပဲ့ထိန်းဒုံးကျည်များနှင့် လေယာဉ်များကို ကြားဖြတ်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

Cheongung-II စနစ်ကို တပ်ဖြန့်အသုံးပြုခြင်းနှင့် Cheongung-III သို့ အဆင့်မြှင့်တင် လုပ်ဆောင်ခြင်းတို့သည် တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးမူဝါဒတွင် မဟာဗျူဟာမြောက် တိုးတက်ပြောင်းလဲမှုကို ပြသလျက်ရှိသည်။ စွမ်းရည်မြှင့်တင်မှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်တို့ကိုပေါင်းစပ်ခြင်းဖြင့် တောင်ကိုရီးယားနိုင်ငံအစိုးရသည် ရေရှည်အတွက် လေပိုင်နက်လုံခြုံရေးကို အာမခံနိုင်ရန် ကြိုးစားနေသကဲ့သို့ ဒေသတွင်းလုံခြုံရေးတည်ဆောက်ရေးအခန်းကဏ္ဍကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**South Korea Enhances Missile Shield with an Upgraded Cheon-gung-II to Deter North's Growing Threat.** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်ကြည်းတပ်က FPV ဒရုန်းများကို လက်တွေ့စစ်မြေပြင်အခြေအနေများအတွက် စမ်းသပ်မှုများ စတင်ပြုလုပ်နေ



အမေရိကန်နိုင်ငံ ကြည်းတပ်သည် ဂျာမနီနိုင်ငံရှိ သစ်တောများအတွင်းတွင် လက်နက်တပ်ဆင်ထားသော First Person View (FPV) ဒရုန်းများကို လက်တွေ့စစ်မြေပြင် အခြေအနေများအတွက် စမ်းသပ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင်၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမှတ်(၃) ခြေလျင်တပ်မမှ စစ်သည်များသည် ရွေ့လျားပစ်မှတ် သို့မဟုတ် ပုံသေပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိသောတန်ဖိုးနည်း FPV ဒရုန်းများဖြင့် တိုက်ပွဲဝင် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။ ၎င်းသည် နည်းဗျူဟာအဆင့်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော၊ ဒရုန်းအခြေပြုတိုက်စွမ်းရည်များဆီသို့ အမေရိကန်ကြည်းတပ်၏ သိသာထင်ရှားသော ဆင့်ကဲပြောင်းလဲမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

အမေရိကန်ကြည်းတပ်၏ လက်နက်တပ်ဆင်ထားသော FPV (First Person View) ဒရုန်း များဖွံ့ဖြိုးတိုးတက်လာမှုသည် Purpose Built Attritable Systems (PBAS) ဒရုန်းစနစ်၏ ပထမဆုံးစစ်ဆင်ရေးဆိုင်ရာအသုံးချမှုဖြစ်ပြီး သေကျေပျက်စီးနိုင်မှုနှင့် သေကျေပျက်စီးနိုင်မှုမရှိသော လက်နက်ခဲယမ်းများကို သယ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် FPV ဒရုန်းအမျိုးအစားဖြစ်သည်။ တန်ဖိုးနည်း၊ နည်းဗျူဟာမြောက်လွယ်ကူစွာ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ PBAS ဒရုန်းတစ်စုံတွင် FPV မျက်မှန်များ၊ ထိန်းချုပ်ကိရိယာ၊ ပုံဖော်ပြမှုစနစ်၊ အလျား အနံ ၁၀ လက်မနှင့် ငါးလက်မအရွယ်ရှိဒရုန်းယာဉ်များပါဝင်ပြီး၊ တစ်ယူနစ်ကုန်ကျစရိတ်မှာ ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၅၀၀၀ ခန့်ရှိသဖြင့် ၎င်း PBAS စနစ်သည် ချဲ့ထွင်နိုင်ပြီး အမျိုးမျိုးသောတိုက်ခိုက်ရေးဖွဲ့စည်းပုံများတွင် လျင်မြန်စွာ အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

ဂျာမနီတွင် ပြုလုပ်ခဲ့သော ဒရုန်းစမ်းသပ်ရေးလေ့ကျင့်ခန်းများတွင် စိုစွတ်ပြီး သစ်တောထူထပ်သောမြေမျက်နှာသွင်ပြင်တွင် PBAS ဒရုန်းစနစ်၏ တိုက်ပွဲဝင်ထိရောက်မှုကိုအတည်ပြုရန်နှင့် စစ်ဆင်ရေးသုံးဒရုန်း နည်းဗျူဟာများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်သည်။

FPV ဒရုန်းဆိုသည်မှာ First Person View drone ဟုခေါ်သော သေးငယ်သည့် မောင်းသူမဲ့ လေယာဉ်စနစ်ဖြစ်ပြီး၊ လေယာဉ်ပေါ်တွင် တပ်ဆင်ထားသော ရှေ့မျက်နှာချင်းဆိုင် ကင်မရာမှရရှိသည့် တိုက်ရိုက်ဗီဒီယိုရိုက်ကူးမှုကို ခေါင်းတွင်တပ်ဆင်ထားသောမျက်နှာပြင် သို့မဟုတ် ဖန်သားပြင်ကို အသုံးပြု၍ ဝေးလံခေါင်ဖျားနေရာများမှ ထိန်းချုပ်သူအော်ပရေတာက ပျံသန်းမောင်းနှင်ခြင်းဖြစ်သည်။ ၎င်းဖွဲ့စည်းပုံသည် ဒရုန်းအတွင်း၌ လေယာဉ်မှူးရှိနေသကဲ့သို့ အချိန်နှင့်တစ်ပြေးညီ မြင်ကွင်းကိုပေးစွမ်းပြီး ကျဉ်းမြောင်းသော သို့မဟုတ် ရှုပ်ထွေးသောပတ်ဝန်းကျင်များတွင် တိကျစွာမောင်းနှင်နိုင်ပြီး ပစ်မှတ်များကို ရှာဖွေဖော်ထုတ်နိုင်စေသည်။

သမားရိုးကျ ကိုယ်ပိုင်လုပ်ဆောင်နိုင်သော သို့မဟုတ် ကြိုတင်အစီအစဉ်ချထားသော ဒရုန်းများနှင့်မတူဘဲ FPV ဒရုန်းများကို လက်ဖြင့်ထိန်းချုပ်မောင်းနှင်ပြီး အနီးကပ်မောင်းနှင်မှုအတွက် ပြိုင်ဘက်ကင်းထိန်းချုပ်နိုင်စွမ်း ပိုင်ဆိုင်ထားသည်။ ၎င်းတို့သည် တိုက်ခိုက်ရေးတာဝန်များ၊ ထောက်လှမ်းရေးနှင့် မြို့ပြ သို့မဟုတ် သဘာဝတောတောင် ထူထပ်သောနေရာများတွင် အုပ်ချုပ်ရေး ထောက်ပံ့ရေးများအတွက် အကောင်းဆုံးဖြစ်သည်။

အမေရိကန်ကြည်းတပ်သည် PBAS FPV ဒရုန်းများကို ကုန်ကျစရိတ်သက်သာသော၊ တိကျသော၊ လိုက်လျောညီထွေရှိသော ဒရုန်းစွမ်းရည်များကို စစ်မြေ ပြင်၏ အစွန်အဖျားအထိ တိုက်ရိုက်ရောက်ရှိစေရန်ဖြစ်ပြီး၊ နယ်ပယ်ပေါင်းစုံတွင် လွှမ်းမိုးနိုင်ရန် အတွက် စစ်သည်များကို ခေတ်မီဆန်းပြားသောကိရိယာများဖြင့် အင်အားဖြည့်ပေးရန်ဖြစ်ကြောင်း သိရသည်။

**Exclusive Report : U.S. Army tests armed First Person View drones for combat operations on modern battlefield.** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘာကြောင့် စာဖတ်သလဲ

**ဆူးသစ်**

စာရေးဆရာ ဆူးသစ် (၂၀၁၄ ခုနှစ်၊ အမျိုးသားစာပေဆု (လူငယ်စာပေဆုရ စာအုပ်) ဖြစ်သော "ခွန်အားရှိသောစာ ခွန်အားရှိသော လူငယ်(လူငယ်အတွေးစု စာစုများ)"ကို လေးစားချစ်ခင်ရပါသော ရတနာပုံသတင်းစာ စာဖတ်ပရိသတ်များ အတွက် အပတ်စဉ် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

ကျွန်တော် လူမှန်းသိတတ်စအရွယ်မှာ စာအုပ်အနည်းငယ်ကို ဖတ်ခဲ့ဖူးပါသည်။ ငယ်စဉ်ကာလ ကလေးဘဝအရွယ်တုန်းက ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း စသည့်ကလေးစာပေတွေဖတ်ပြီး ကြီးပြင်းခဲ့ရာမှ လူပျိုပေါက်အရွယ်ရောက်တော့ အချစ်ဝတ္ထုတွေဖတ်ရတာ အရသာတွေ့လာသည်။ အိမ်မှာ အချစ်ဝတ္ထုတွေများစွာရှိ၍ အချိန်ရလျှင်ရသလိုဖတ်ခဲ့သည်။ တက္ကသိုလ်တက်ပြီး ပထမနှစ်၊ ဒုတိယနှစ်တိုင်အောင် အချစ်ဝတ္ထုတွေကို ဖြတ်မရခဲ့။

ရံဖန်ရံခါ၌အချစ်ဝတ္ထုတွေဖတ်ရင်း အခြား သုတစာအုပ်များတက်ကျမ်းများကို ရသလောက်ဖတ်ခဲ့မိပြန်သည်။ နောက်ပိုင်းကျတော့ လုံးချင်းဝတ္ထုတွေမှာ စိတ်ကမပါတော့ဘဲ တက်ကျမ်းများ၊သုတစာအုပ်များသာ ဖတ်ချင်လာတော့သည်။ သို့သော် ရှေးခေတ်စာရေးဆရာကြီးများ၏ နာမည်ကျော်ဝတ္ထုရှည်၊ ဝတ္ထုတိုများ၊ ဆောင်းပါးများကိုတော့ တွေ့သည့်အခါတိုင်း သေသေချာချာကို ဖတ်ခဲ့မိသည်။

ယခုဘွဲ့ရ၍ အလုပ်ပင်ဝင်လေပြီ၊ အရွယ်အရလူငယ်သာရှိသေးသည်။ စာဖတ်အားကောင်းသူမဟုတ်သော်ငြား စုံသင့်သလောက်တော့ စုံအောင်ဖတ်ခဲ့ပြီးပြီဟု နားလည်နေမိသည်။ ထိုအခါ ကျွန်တော့်ခေါင်းထဲ အတွေးတစ်ခုဝင်လာ၏။ "**ဘာကြောင့် စာဖတ်သလဲ**" ဆိုသော အတွေး။ အမှန်က မေးခွန်းတစ်ခုဖြစ်သည်။

တွေးကြည့်ပါ။ ကကြီး၊ ခခွေးရေးတတ်ဖတ်တတ်ပြီဆိုသည့်အချိန်ကတည်းက ကျွန်တော်တို့ အသက်ရှင်ရပ်တည်နေချိန် သည်နေ့အထိ စာတွေဖတ်ခဲ့ကြသည်။ ကျောင်းဖတ်စာအုပ်ထဲက စာတွေ၊ ပြင်ပက စာတွေကို စာဖတ်တတ်ချိန်ကတည်းက နည်းနည်းချင်းစီတော့ ဖတ်ခဲ့ပြီးကြပြီ။ ဘာကြောင့် စာဖတ်သလဲ။

ကျောင်းသင်ခန်းစာထဲက စာတွေက ကျွန်တော်တို့အသိဉာဏ်တွေကို တစ်ဆင့်ချင်းမြှင့်တင်ပေးပြီး ဘဝမှာအသက်မွေးဖို့ လမ်းကြောင်းလေးတွေ ချပေးခဲ့သည်။ အပြင်ကစာတွေကတော့ ကျောင်းသင်ခန်းစာထဲက မရနိုင်သော ရသများ၊ ဗဟုသုတများကို ထပ်လောင်းဖြည့်ဆည်းပေးတာမျိုး ဖြစ်သည်။ ဒါဖြင့် ကျွန်တော်တို့စာဖတ်သည်က ဦးနှောက်ထဲမှာ အသိဉာဏ်တွေ ပြည့်နေဖို့ဖြစ်သည်။ စင်စစ် ထိုအရာသည် လက်တွေ့ကျသော အဖြေမဟုတ်ပါ။ သူ့နောက်ကွယ်မှာ အဖြေတစ်ခုရှိပါသေးသည်။

ဤနေရာ၌ အလျဉ်းသင့်၍ ကျွန်တော် စာဖတ်ရင်း တွေ့ကြုံခံစားရတာတွေကို ဖောက်သည်ချချင်ပါသည်။

ကျွန်တော် အပြင်စာပေတွေဖတ်စက ကိုယ်မသိသေးတာတစ်ခုကို စာထဲကသိလိုက်ရလျှင် အလွန်ပျော်တတ်ပါသည်။ Iron Cross တီးဝိုင်းကို ဘာကြောင့် သူရဲကောင်းလေးများဟု ခေါ်ရသလဲဟု စဉ်းစားမရ ခင်က "**ဆရာလင်းယုန်မောင်မောင်**"၏ "**ဟစ်တလာ**" စာအုပ်မှာ ဟစ်တလာရသော ဆုများသည် Iron Cross Second Class (တပ်သားကျော် ဒုတိယအဆင့်)၊ Iron Cross Frist Class (တပ်သားကျော် ပထမအဆင့်)ဖြစ်ပြီး ထိုဆုများသည် သာမန်တပ်သား တပ်ကြပ်များရခဲ၍ မြေပြင်မှာ ထူးချွန်စွာ စွမ်းဆောင်နိုင်မှရသည်ဖြစ်ရာ၊ သူရဲကောင်းသဖွယ် ပေးအပ်ခြင်းဖြစ်သည်ကို ဖတ်ရှုလိုက်ရတော့မှ Iron Cross တီးဝိုင်းကို သူရဲကောင်းလေးများဟုခေါ်တာ နားလည်ရင်း ဝမ်းသာခဲ့ရလေသည်။

ထို့ပြင် "**မာရဇ္ဇ**" ဆိုသော အဆိုတော်နာမည်ကို ဘယ်မှာ တွေ့ဖူးပါလိမ့်ဟုစဉ်းစားရင်း ရာမ၊ လက္ခဏ ဇာတ်တော်ထဲက ဒသဂီရိ၏ ဦးရီးတော် "**မာရဇ္ဇ**" ကို "**ဆရာချစ်ဦးညို**"၏ "**လက်ာဒီပချစ်သူ**" ဝတ္ထုပြန်ဖတ်ရင်းတွေ့မိမှ အသံအမျိုးမျိုး ပြောင်းလဲတတ်သော ပညာရှင်ဦးရီးတော် မာရဇ္ဇ၏အမည်ကို အစွဲပြု၍ မှည့်ဖွယ်ရှိသည်ဟု ကောက်ချက်ချကာ နားလည်ကျေနပ်ခဲ့မိသည်။ မာရဇ္ဇကိုယ်တိုင်ကလည်း ဝန်ခံခဲ့သည်ဟု သိရပါသည်။

တစ်ဖန် ဆရာစိုင်းခမ်းလိတ်ရေး၍ စိုင်းထီးဆိုင် ဆိုထားသော "**ခြသေ့်လည်ပြန်**" သီချင်းခေါင်းစဉ်ကို ယခုနောက်ပိုင်း ထုတ်သောသီချင်းစာအုပ်တွေမှာ "**ခြသေ့်လည်ပြန်**" ဟုသာတွေ့ရပြီး ထိုစဉ်က စာအုပ်ဟောင်းတွေမှာ "ခြသေ့်လည်ပြန်" သို့မဟုတ် "**ပြန်ညှိရမယ့်ကာရန်**" ဟုဖော်ပြထားရာ ဘာအဓိပ္ပာယ်နှင့် သည်ခေါင်းစဉ်ကြီးတွေ ပေးပါလိမ့်ဟု စဉ်းစားမရဖြစ်ခဲ့ဖူး၏။ နောက်မှဖျာပုံမြို့ နိုင်ငံတော်တန်းမြင့်ကျောင်း အထက်တန်း မြန်မာစာပြ ဆရာကြီး ဦးဘိုငွေရေးသည့် တန်းမြင့်ကဗျာ ဖွဲ့နည်းကျမ်းတွင် "**လွှမ်းချင်းစပ်နည်း**" ၌ "**ပြန်ဂဟပ်**" ကာရန်ယူနေပုံကို "**ခြသေ့်လည်ပြန်**" ဟု ခေါ်ကြောင်း၊ ပြန်ဂဟပ်ကာရန်ယူပုံ ဆိုသည်မှာ ကာရန်တစ်ခုကို ခံထားပြီးနောက် ထိုကာရန်နှင့် မတူသော ကာရန်သစ်တစ်မျိုးထပ်ယူ၍ မူလကခံခဲ့သော ကာရန်ကို ပြန်အုပ်ခြင်းဖြစ်ကြောင်း ဖွင့်ဆိုထားရာ ဆရာစိုင်းခမ်းလိတ်ရေးထားသော သီချင်းစာသားပါ အိမ်ထောင်ရေးမှာ လင်ယောကျာ်းက မှားနေ၍အမှန်မြင်ကာ ပြန်လည်ညှိနှိုင်းပြုပြင်၍ ကြင်နာတော့မည်ဆိုသည့်အကြောင်းနှင့် "**ခြသေ့်လည်ပြန်**" သို့မဟုတ် "**ပြန်ညှိရမယ့်ကာရန်**" ဟု ခေါင်းစဉ်တပ်ထားပုံကို ဆက်စပ်၍ရသွား၏။

အမှန်တိုင်းဝန်ခံရလျှင် စကားလုံးတို့၏အဖြေကို မသိခင်က ကိုယ့်ဘာသာထင်ရာမြင်ရာ အဓိပ္ပာယ်ယူခဲ့ဖူး၏။ Iron Cross ကို ဘယ်လိုအဓိပ္ပာယ်ယူရမှန်း မသိသော်လည်း အချင်းချင်းနောက်ပြောင်ကာ Iron ကသံ၊ Cross ကကြက်ခြေခတ်၊ သံကြက်ခြေခတ်ဟု ဆိုရင်း ရယ်စရာလုပ်ခဲ့ကြသည်။ "**မာရဇ္ဇ**" ကိုတော့ ဗေဒင်မေး၍ ပေးတာပဲနေမှာ ဟုတွေးခဲ့ပြီး "**ခြသေ့်လည်ပြန်**" ကိုတော့ "**ဆရာစိုင်းခမ်းလိတ်**" နှင့် "**စိုင်းထီးဆိုင်**" က သူတို့ကိုယ်သူတို့ ခြသေ့်ကြီးတွေ ဟုတင်စားကာ သူတို့ဖြတ်သန်းခဲ့ရသည့်ခရီးကို လည်း ပြန်လှည့်ကြည့်တာနေမည်ဟု ပေါ့ပေါ့ပဲ တွေးခဲ့၏။

သည်တော့ စာမဖတ်ခင်က ရှိသည့်အသိနှင့် စာဖတ်ပြီးမှ ရလာသောအသိက ကွာခြားနေတာ တွေ့ရသည်။ သို့သော် သည်စကားလုံးတွေက လောလောဆယ် လူသိများနေသော စကားလုံးတွေဖြစ်ပြီး နောက်ကွယ်မှာ အဓိပ္ပာယ်တစ်ခုရှိသည်ဟု ထင်မြင်ခဲ့ရာမှ သိရှိလာရသော စကားလုံးတွေဖြစ်သည်။ ယခုနောက်ပိုင်း အသုံးနည်းလာပြီး၊ နောက်ကွယ်မှာ အဓိပ္ပာယ်မရှိဟုထင်ခဲ့ပြီးမှ စာဖတ်ရင်း အဓိပ္ပာယ်ကိုသိလာရသည့် စကားလုံးတွေလည်း ရှိပါသေးသည်။ ဥပမာ "**အလွန်ချာသူ**"၊ "**ဗိုင်းနာမ**" စသည့် စကားလုံးတို့သည် ကျွန်တော်တို့ သည်ဘက်ခေတ်မှာ ရံဖန်ရံခါ၌ "**တော်တော်ချာတဲ့ ကောင်ကွာ**" ဟု လူကြီး တွေပြောသည့်အခါ "**ဗိုင်းနာမ**" ဟု အရပ်ထဲမှာ ဆိုကြသည့်အခါမှသာ ကြားရသည့် စကားလုံးများဖြစ်သည်။

ရှေးခေတ် မြန်မာယောကျာ်းများ၊ ဆေးမင်ကြောင်း အထိုးခံစဉ်၊ အော်သည်၊ ညည်းသည်၊ အံကြိတ်ခံသည်ဆိုလျှင် အပျိုတွေက ကွမ်းပေး၍ အနားမှာရှိသော အတီးသမားကို မျောက်မင်း အူသံကဲ့သို့သော ငိုညည်းသံအစစ်ကို တီးပေးခိုင်းရာ မျောက်မင်းအူသံအစစ်အစား "အချာပဝရ" ချီသော ဘုန်းတော်ဘွဲ့ကို တမင်ဖျက်၍ တီးပေးရ၏။ ခဏ ခဏစုတ်ထိုးတက်သူ၊ ညည်းညူတတ်သူဖြစ်က အတီးသမားများ ခဏခဏ"**အချာပဝရ**" လုပ်ရရာ၊ ခဏခဏချာရသူ၊ အလွန်ချာသူဖြစ်လာ၏။ ဒါကိုပင် အစွဲပြုကာ အလွန်ချာသူဟုဆိုခဲ့ကြောင်း ဆရာကြီး "**ရန်ကုန်ဘဆွေ**"၏"**မြန်မာပြည်သား**"စာအုပ်ထဲမှာဖတ်ဖူးပြီး သတ္တိနည်းသူကိုဆိုခဲ့ရာမှ ယခုအခါအရည်အသွေးညံ့သူကို ချာသည့်လူဟု ဆိုနေကြကြောင်းတွေးကာ မှတ်ချက်ချနိုင်ခဲ့လေသည်။

တစ်ဖန်ရှေးခေတ်အပျိုလေးတို့ ဝဲလင်းဆောင် (အိမ်မ၏ရှေ့၌ အမိုးတစ်ဆင့်ပြု၍ ထုတ်ထားသော ဘေးနှစ်ဖက်အကာနှင့် ခေါင်ပါသည့်မြေစိုက်အဆောင်၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်းများလည်းထားသည့်အဆောင်)၌ ဗိုင်းငင်ရင်း လူပျိုကလေးတွေကိုချော့ခံ၍ စကားထာဝှက်ဉာဏ်စမ်းကြရာမှ ထူလွန်း၊ ထိုင်းလွန်း၊ အလွန်း၊ ညံ့ဖျင်းလွန်းသော ကြောင့် မည်သည့်ကာလသားကမျှ မကြိုက်နိုင်ကြဘဲ စွန့်ပစ်သွားကြသဖြင့် ဗိုင်းငင်သောအလုပ်၌ နာခဲ့၍ "**ဗိုင်းနာမ**" ဖြစ်တော့မည်ဟု မိမိဘာသာ ရည်ညွှန်းကာ ထိုဘဝမှလွတ်မြောက်ရန် စကားထာဝှက်ပါတော့မည်ဆို၍ စကားထာဝှက်ခဲ့ရသည်ဟုထို "**မြန်မာပြည်သား**" စာအုပ်မှာပင် ဖတ်ခဲ့ရပြန်ရာ သည်ဘက်ခေတ်၌ ဆဲရေးသည်ဟု ယူဆသော အယူမှာ မှားယွင်းနေကြောင်း နားလည်ခဲ့ရပြန်သည်။

အလျဉ်းသင့်၍ ကျွန်တော်သိထားသော စကားလုံးလေးတွေကို ဖောက်သည်ချရခြင်းဖြစ်သည်။ ကျွန်တော် အဓိကဆိုလိုချင်သည်က စာနည်းနည်းဖတ်လျှင် နည်းနည်းသိသည်။ များများဖတ်လျှင် များများသိသည်ဟု နားလည်စေရန်ဖြစ်သည်။ ထိုသို့သိရာ၌ မိမိဗဟုသုတတိုးပွားလာသလို ရမ်းသန်း၍ ထင်နေသောအထင်များလည်း ဝေဝါးရာမှ ကြည်လင်ပြတ်သားလာ၏။ အသိဉာဏ်မြင့်မားလာသည်ဟု ဆိုလျှင်လည်းရသည်။ပြီးတော့ မိမိသိထားသောအသိတစ်ခုကို ပြန်လည်အသုံးချနိုင်လာ၏။ များများ သိထားရာ ရှေ့ကသူတို့သိခဲ့သမျှ အသုံးချပြထားသည်ကို ကျွန်တော်တို့လို နည်းနည်းသိသူများက ရှာဖွေလေ့လာရ၏။ သူတို့နည်းတူ သိလာရသော အခါ ကျေနပ်ပျော်ရွှင်ရ၏။

သို့သော် စာဖတ်ခြင်းသည် သိနိုင်သမျှသိအောင်၊ သိလာသမျှကို ကျေနပ်ပျော်ရွှင်မှု ခံစားရအောင် ဖတ်ခြင်းမျိုးမဟုတ်တာလည်း စာဖတ်သူကျွန်တော်တို့ သိနားလည်လာပြန်ပါသည်။ ဒါဖြင့်ဘာကြောင့် စာဖတ်သလဲ။

စာပေမျိုးစုံရှိသည်။ အကြောင်းအရာမျိုးစုံ ပါသည်။ ကဏ္ဍများစွာရှိသည်။ ငယ်စဉ်မှစ၍ စာဖတ်ခဲ့ကြသည်။ သေချာသည်ကတော့ စာပေကတစ်ခုခု ကိုလိုချင်၍ ဖတ်တာထင်ရှားသည်။ အပျင်းပြေဖတ်ဖတ်၊ ရည်ရွယ်၍ဖတ်ဖတ် တစ်ခုခုကိုလိုချင်၍ ဖတ်တာဖြစ်သည်။ ဘာခံစားရမလဲ၊ ဘာများဗဟုသုတရမလဲ၊ ဘယ်သူ့အကြောင်းများ သိရမလဲ ဆိုသည့် အတွေးမျိုးနှင့်ဖတ်တာဖြစ်သည်။ မဖတ်ခင်နှင့် ဖတ်နေဆဲမှာတော့ သည်အတွေးမရှိ။ ရှိလျှင်လည်း စာဖတ်ပြီး ဘာရမလဲဆိုသော အတွေးကြီးက လွှမ်းမိုးနေလျှင် တကယ်ဖတ်လျှင်ဘာမျှမရတော့တာ ကျွန်တော် ကိုယ်တွေ့သိခဲ့ဖူးသည်။

စာကိုစာလိုဖတ်၊ ပြီးမှ တွေးတောဆင်ခြင်၊ သည်လိုလုပ်မှ စာရေးသူ၏အာဘော်ကိုကျက်မိကာ နောက်ဆိုသူ့စာပဲဖတ်တော့မည်ဆိုပြီး စာကိုရွေးဖတ်ကာ၊ ဘာရမလဲဆိုသည့်မေးခွန်းကို ဖြေပြီးသားဖြစ်သွားတတ်သည်။ စာရေးသူပေးတာနှင့် မိမိလိုချင်တာကိုက်ပြီဆိုလျှင် ဘယ်သူက ဘာကိုဖတ်ပါဟု ပြောစရာမလိုတော့။စာကို စုံအောင်ဖတ်ပါတို့၊ ရွေးဖတ်ပါတို့ ဆိုသောစကားကို နားမဝင်တော့။ ကိုယ့်ဘာသာသိလာသည်။ ဘယ်သူက ဘာတွေရေး၍ ဘာတွေပေးနေသည်။ ဘယ်စာအုပ်ကို ဖတ်လျှင် အကျိုးမရှိ၊ သည်လိုသိသွားပြီး စာထဲက ဘာရမလဲဆိုသောအတွေးက အလိုလိုပျောက်သွားသည်။ တကယ်ရတာကိုတောင်ခံစားမိနေပြီ မဟုတ်လား။ ဒါဖြင့် စာဖတ်ခြင်းသည်သိချင်၊ တတ်ချင်၍ဖတ်သည်၊ တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်တော် ရှေ့မှာဆိုခဲ့သလို ဦးနှောက်ထဲမှာ အသိဉာဏ်များ ပြည့်နေဖို့ဖတ်တာမျိုးဖြစ်သည်ဟု ဆိုရဦးမည်။ သို့သော် အသိဉာဏ်များက ဖြည်းဖြည်းချင်း ဖြည့်နေတာ ဘာလုပ်ဖို့လဲတွေးကြည့်ပါ။စာရေးဆရာဆိုလျှင်တော့ ဗဟုသုတပြည့်လေ ကောင်းလေမို့ သူ့ဘာသာသူတော့ အကျိုးရှိပေလိမ့်မည်။ တခြားလူတွေအတွက်ကျတော့ ထိုသို့မဟုတ်။ ဗဟုသုတတွေရဲ့ အသိဉာဏ်များ ရင့်ကျက်နေခြင်းသည် စာရေးဖို့မဟုတ်။ ပညာရှိသုခမိန်ကြီးလုပ်ဖို့လည်း မဟုတ်ပါ။ ငါတတ်တယ်ကွဟုမော်ကြွားကာ လူရှေ့သူရှေ့ ဟောင်ဖွာဟောင်ဖွာလုပ်ဖို့လည်း မဟုတ်။ စာအုပ်ဘယ်နှစ်အုပ်ဖတ်ပြီးပါပြီဟု ကြွားချင်၍ စာဖတ်တာလည်း မဟုတ်။

❖ စာပေမျိုးစုံရှိသည်။ အကြောင်းအရာမျိုးစုံ ပါသည်။ ကဏ္ဍများစွာရှိသည်။ ငယ်စဉ်မှစ၍ စာဖတ်ခဲ့ကြသည်။ သေချာသည်ကတော့ စာပေကတစ်ခုခု ကိုလိုချင်၍ ဖတ်တာထင်ရှားသည်။ အပျင်းပြေဖတ်ဖတ်၊ ရည်ရွယ်၍ဖတ်ဖတ် တစ်ခုခုကိုလိုချင်၍ ဖတ်တာဖြစ်သည်။ ဘာခံစားရမလဲ၊ ဘာများဗဟုသုတရမလဲ၊ ဘယ်သူ့အကြောင်းများ သိရမလဲဆိုသည့် အတွေးမျိုးနှင့် ဖတ်တာဖြစ်သည်။ မဖတ်ခင်နှင့် ဖတ်နေဆဲမှာတော့ သည်အတွေးမရှိ။ ရှိလျှင်လည်း စာဖတ်ပြီး ဘာရမလဲဆိုသော အတွေးကြီးက လွှမ်းမိုးနေလျှင် တကယ်ဖတ်လျှင် ဘာမျှမရတော့တာ ကျွန်တော် ကိုယ်တွေ့သိခဲ့ဖူးသည်။ ❖

စာမျက်နှာ ၁၁ သို့➢

# ဂုဏ်ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပ



**ရန်ကုန် ဇူလိုင် ၃၁**

ဩဂုတ် ၁ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည့် ဂုဏ်ရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဇူလိုင် ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) နှင့် ကိုကျော်တို့က ခံစားရေးဖွဲ့ထားပြီး ကိုကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)က ပိုးပိုး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက အမေတွေအားလုံးအတွက် ရည်ညွှန်းပြီးတော့ ရိုက်ထားတဲ့ ဒရာမာဇာတ်ကားလေးပါ။ အမေတွေက ကိုယ့်သားသမီးတွေအတွက်ဆိုရင် မေတ္တာ ဘယ်လို ပေးအပ်ထားတယ်ဆိုတာတွေမြင်တွေ့ရမှာပါ။ မင်းသမီး ခုနစ်လက်၊ ဖြိုးငွေစိုးနဲ့ ဒါရိုက်တာ ကျော်ဇောလင်း ဂုဏ်ပြုရိုက်ကူးပေးထားတဲ့၊ မေတ္တာနဲ့ရိုက်ကူးပေးထားတဲ့ ဇာတ်ကားလေးပါ" ဟု အဆိုပါ ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်ခဲ့သူ သရုပ်ဆောင် နွဲ့နွဲ့စန်းက ပြောပြသည်။

အဆိုပါ ဂုဏ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ဖြိုးငွေစိုး၊ အေးမြတ်သူ၊ ခိုင်နှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ နော်ဖေဖေအယ်ထား၊ ဝေလာရီ၊ ယွန်းရွှေရည်၊ ယမုံမြင့်မြတ်၊ နွဲ့နွဲ့စန်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# My Best Friend's Wedding ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားရိုက်ကူးရန် စီစဉ်နေ

**နယူးယောက် ဇူလိုင် ၃၁**

My Best Friend's Wedding ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လုပ်ရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်နေကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

My Best Friend's Wedding -2 အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ စီလင်းဆောင်းက တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များနှင့် ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာတို့ကို မသိရသေးကြောင်း သိရသည်။

မူလ My Best Friend's Wed -ding (1997) ဇာတ်ကားတွင် မင်းသမီး ဂျူလီယာရောဘတ်၊ ကင်မရွန်းဒီအက်နှင့် မင်းသား ဒါးမော့မုရွန်နီတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဒါရိုက်တာ ပီဂျေဟိုဂန် ရိုက်ကူးထားသည့် My Best Friend's Wedding ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၇ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# စတုတ္ထအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော်ကန်တော့ပွဲကို ဩဂုတ်လတတိယပတ်တွင် ကျင်းပပြုလုပ်သွားမည်

**ရန်ကုန် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)က စတုတ္ထအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သဘင်သက်ကြီးပူဇော် ကန်တော့ပွဲကို ဩဂုတ်လ တတိယပတ်တွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ သဘင်သက်ကြီးပူဇော်ကန်တော့ပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စာရင်းကောက်ယူမှုအရ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးကန်တော့ခံ သဘင်အနုပညာရှင် ဦးရေ ၁၀၀၀ ကျော်ကို ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

"သဘင်အစည်းအရုံးဆိုတာကတော့ ကဏ္ဍပေါင်းစုံပါဝင်ပါတယ်။ သဘင်ရဲ့အစုအဖွဲ့မှာက ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ဆိုင်း၊ ဆပ်ကပ်၊ မျက်လှည့်၊ အိုးစည်၊ လူရွှင်တော် စတဲ့အဖွဲ့တွေကော၊ နတ်ဒေဝါစတာတွေကော ပါဝင်ပါတယ်။တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နိုင်သလောက်ကန်တော့ပွဲ လုပ်ဆောင်တာပါ။ ကန်တော့ခံ သဘင်အနုပညာရှင်တွေကို နှစ်စဉ်လှူဒါန်းမြဲစံနှုန်း အတိုင်း မလျော့ဘဲ သဘင်သက်ကြီးအနုပညာရှင်တစ်ယောက်ကို ငွေကျပ်တစ်သိန်းနှုန်းကန်တော့မှာပါ" ဟု ဦးနေဝင်းက ပြောပြသည်။

သဘင်သက်ကြီးပူဇော်ကန်တော့ပွဲကို ၂၀၂၄ ခုနှစ်က ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် စတုတ္ထအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ရုံးသစ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

➢စာမျက်နှာ ၁၀ မှ အဆက်

အဓိကက စာဖတ်ပြီးမှရလာသောဗဟုသုတတွေ၊ ရင့်ကျက်လာသော အသိဉာဏ်များက ထိုသူကို ပြန်အုပ်ချုပ်ကာ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်း မောင်းနှင်ဖို့ဆိုတာ သွားတွေ့ရသည်။

လူတောထဲမှာ လူတွေနှင့်နေသည်။ အမှားနည်းအောင် ထိန်းကျောင်းသွန်သင်ဖို့ မိဘ၊ ဆရာသမားနှင့် ရဟန်းသံဃာတွေရှိသည်။ စာအုပ်ဖတ်လျှင်တော့ ထိုသူတွေက ဘာမျှမပြောလည်း ကိုယ့်ဘာသာနားလည်သွားသည်။ ဘယ်သူနှင့်ဆို၊ ဘယ်လိုနေရမည်၊ ဘယ်လိုဆက်ဆံရမည်။ ဘဝတိုးတက်အောင် ဘယ်လိုကြိုးစားရမည်။ နောက်ဘဝကူးကောင်းစေချင်သည် စသဖြင့် စာစုံလျှင် စာစုံသလို ကိုယ့်ကိုယ်ကိုယ် အနည်းနှင့်အများ ထိန်းကျောင်းသွားနိုင်သည်။ တစ်ခုတော့ရှိသည်။ ထိုသို့ဖြစ်ဖို့ စာအုပ်ကောင်းတွေ ဖတ်ဖို့တော့လိုမည်။ ဒါလည်း ထူးထူးထွေထွေ ဘာမျှမလုပ်ရ။ စာများများဖတ်လျှင် စာအုပ်တွေကပင် မိမိကိုလမ်းညွှန်သွားလိမ့်မည်။ **"ငါ့ကိုဖတ်ရင် မင်းအချိန်ကုန်တာပေါ့"။ "ငါ့ကိုဖတ်ပါ၊ မင်းအသိဉာဏ်တွေ ထပ်ပြီးပွင့်သွားလိမ့်မယ်"** ဟု စာအုပ်တွေကပင် ပြောပြလိမ့်မည်။

နောက်တစ်ခုက ကိုယ့်ကိုယ်ကိုယ် အမြဲထိန်းကျောင်းနေနိုင်ရန် စာအုပ်များကိုဖတ်ရင်းနှင့် ရပ်မပစ်ပါနှင့်။ ဖယ်ရှားမပစ်ပါနှင့်ဟု ဆိုချင်သည်။ ပြတ်တောင်းပြတ်တောင်း ဖြစ်ချင်ဖြစ်ပါစေ။ စာအုပ်ကောင်းတွေကို ကြုံလျှင်ကြုံသလို စာစုံအောင်ဖတ်ပါဟု ကျွန်တော်က ဆိုပါဦးမည်။ တချို့ကသူတို့ကိုယ်သူတို့ စာတော်တော်ဖတ်သည်ဟု အထင်ရောက်ကာ တချို့စာတွေကို ဖတ်သင့်ပါလျက် ကိုယ့်ဉာဏ်နှင့်ယှဉ်လျှင် နိမ့်သည်ဆိုကာ ဖတ်စရာမလိုဟု ဖယ်ရှားတတ်သည်။ ထိုသူတွေမှာ ဘာသွားတွေ့သလဲဆိုလျှင် ရံဖန်ရံခါ၌ လူအများက လက်မခံနိုင်လောက်သော အမှားမျိုးကို သူတို့က အမှန်ဟုထင်ကာ လမ်းလွဲနေတာ တွေ့ရလေသည်။

လူတိုင်းကတော့မှားကြလိမ့်မည်။ သို့သော် စာဖတ်သည့်သူမှားပြီဆိုလျှင် သူများထက်ထူးခြားသည်ဟု ဆိုရလောက်အောင် မှားတတ်ပြန်သည်။ သည်တော့ စာဖတ်သည့်သူမှားရခြင်းမှာ သူ့အတွက် နောက်ထပ် အသိဉာဏ်တွေဖွင့်ပေးမည့်စာ သို့မဟုတ် ရှိနေသည့် အသိဉာဏ်ကို လှုပ်နှိုးသည့်စာမျိုးကိုရှောင်ကာ ထပ်မဖတ်တော့ဘဲ ကိုယ့်ဘာသာ လူတတ်ကြီးလုပ်နေ၍သာ မှားခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပေသည်။

သည်မျှဆိုလျှင် "ဘာကြောင့် စာဖတ်သလဲ" ဆိုသောမေးခွန်းကလေး ရှင်းလောက်ပေပြီ။ ကျွန်တော်တို့ ဖြတ်သန်းရသောဘဝမှာ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းမောင်းနှင်ဖို့ စာတွေဖတ်ရသည်ဟု နားလည်နိုင်ပြီထင်ပါသည်။ ထပ်ဆိုပါရစေ။ စာကောင်းတွေကိုများများဖတ်ပေးပါ။ ကိုယ့်ကိုယ်ကိုယ် တွန်းအားပေးရန်၊ သတိပေးရန်အတွက်လည်း အဆက်မပြတ်အောင် ဖတ်ပါ။ ထိုသို့ဖတ်မှလည်း စာဖတ်သည် ဆိုသော အလုပ်နှင့်အညီ ရလဒ်ကောင်းတွေ ရလာမည်ဖြစ်သည်။

အသေချာဆုံးကတော့ စာကောင်းတွေကို အနည်းနှင့်အများ ဖတ်သူသည် သူ၏အသိဉာဏ်အနည်းနှင့်အများ ပွင့်လင်းတိုးတက်နေမည်ဖြစ်ပြီး လောကထဲမှာနေထိုင်ရာ၌တခြားသူတွေထက် အဆင်ပြေချောမွေ့မှု၊ တိုးတက်အောင်မြင်မှုတွေ အနည်းနှင့်အများ သာလွန်နေမှာဖြစ်ကြောင်း လေ့လာသုံးသပ်မိတော့သည်။

# Don't Forget Me Tomorrow ဇာတ်ကား၌ မင်းသား ဘရစ်တန်ဝက် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၃၁**

Don't Forget Me Tomorrow အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား ဘရစ်တန်ဝက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

Don't Forget Me Tomorrow ဇာတ်ကား၌ မင်းသား ဘရစ်တန်ဝက်သည် မင်းသမီး ချားလော့ကာ့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဘရစ်တန်ဝက်သည် Don't Forget Me Tomorrow ဇာတ်ကားမှ မင်းသား ဂျက်ဆီကိုဗီ နုတ်ထွက်ခဲ့ပြီးနောက် အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။

Don't Forget Me Tomorrow ဇာတ်ကားကို ဒါရိုက်တာ ထရာဗစ်မေးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားသည် မြို့ငယ်လေးတစ်မြို့၌ ဇာတ်မြုပ်နေထိုင်သည့် အမျိုးသမီးတစ်ဦး အတိတ်၏ လျှို့ဝှက်ချက်များနှင့်ပြန်လည်ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# National Defence and Security Council of the Republic of the Union of Myanmar holds meeting No 3/2025





Pro Tem President (Duty) Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers an address at the National Defence and Security Council meeting.

**Nay Pyi Taw July 31**

The National Defence and Security Council of the Republic of the Union of Myanmar held meeting No 3/2025 at the Office of the State Administration Council Chairman in Nay Pyi Taw this morning.

Present were Pro Tem President (Duty) Commander-in-Chief of Defence Services Senior General Min Aung Hlaing, Speaker of the Pyithu Hluttaw U T Khun Myat, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Union Minister for Defence General Maung Maung Aye, Union Minister for Home Affairs Lt-Gen Tun Tun Naung, Union Minister for Foreign Affairs U Than Swe, Union Minister for Border Affairs Lt-Gen Yar Pyae, and specially invited SAC Secretary General Aung Lin Dway.

In his speech, the Pro Tem President (Duty) and Commander-in-Chief of Defence Services said the SAC has been serving the State duties for four years and six months till now. For the first time, I had informed the country that the election would be held at the end of this year at a public meeting in Meiktila on 16 June 2024. The coming six months is a period during which SAC should complete preparations and hold the multiparty democracy general election, which is its ultimate goal. Based on the prevailing national situation, the government in office has been implementing the adopted roadmap and objectives phase by phase since its assumption of the State duties. The Session 426 of the 2008 Constitution stipulates, "The National Defence and Security Council shall, concerning the matter of transferring of sovereign power by the President to the Commander-in-Chief of the Defence Services by declaring a state of emergency under Sections 417 and 418, declare the annulment of the ordinance transferring the sovereign power to him under Section 418 on receiving the report that the Commander-in-Chief of the Defence Services has accomplished the duties assigned to him." And the Session 429 states, "The National Defence and Security Council shall hold the general election in accord with the provisions of the Constitution within a duration of six months commencing from the day on which the ordinance is annulled under Section 426." Hence, the government in office will continue its task to hold an election in accord with the law in the coming December. Proportional representation (PR) will be materialized for the involvement of ethnic parties and minor parties in the political process. In addition, the SAC enacted a law that protects the multiparty democracy general election from disturbances and obstructions and ensures free and safe election for the entire public.

First, I will present the first point of the five-point roadmap, which says, **"An emphasis will be placed on ensuring peace and stability of the whole Union to enjoy the full rule of law so that a free and fair multiparty democratic general election will be held successfully."** The ruling party of that time committed vote rigging in the 2020 multiparty democratic general election. The government in office had to restore the State responsibilities after declaring a State of Emergency as per the Constitution as there were attempts to take over the State power by force, instead of solving the problem through legal means. Beginning from the discontent among the supporters of the ruling party against the changing trend under the State of Emergency, disturbances occurred, followed by terrorist attacks. At the time, armed insurgent groups taking the political situation as an opportunity committed armed terrorism, which added weight to the hardships of the country.

Since its assumption of the State duties, the government in office has been giving priority to the complete prevalence of peace, stability and rule of law in the entire country. Every citizen has the duty to uphold Our Three Main Causes – non-disintegration of the Union, non-disintegration of national solidarity and perpetuation of national sovereignty. In order to shoulder the abovementioned tasks, Public Military Service Law, promulgated in 2010, was activated on 10 February 2024 for all to learn military science and shoulder the national defence duty. Till now, 15 public military courses have been completed. The public security system was introduced in 2023, and public security and counterterrorism teams, down to ward/village levels, have been set up under the different levels of supervisory committees. During the administration of the current government, the Private Security Services Law was enacted. Because of the geopolitical situation of our country and the current international trends, defence, security and sovereignty of the small countries like us will become stronger only with the participation of the entire public. Hence, the government's current endeavours, in fact, are the road towards the continuation of the task to ensure national security and peace and stability.

Now, I will present the accomplishments in connection with the second-point of the roadmap, which says, "Continuous efforts will be poured out for the promotion of the State economy and enhancement of the socio-economic life of the entire people by expediting manufacturing businesses rooted in agriculture and livestock farming inclusive of the entire ethnic people." The pilot demographics in 2024 say that about 70 percent of Myanmar's population is rural residents and of them 50 percent are engaged in agriculture and forest sectors in one way or another. Agriculture is the main livelihood of the majority of the national people and the main artery of the country. Hence, the most effective way for rapid national economic development is the promotion of the production industry based on agriculture. The success of the agricultural industry will be very helpful in alleviating poverty. In turning Myanmar into an agricultural power country, the government has facilitated the means to grow more crops that are suitable to the relevant areas, and applied advanced techniques for cultivating more crops that have promising international markets and are profitable. Apart from importing basic agricultural inputs, it also encouraged local production and distribution of basic inputs at fair prices.

The government also gave support to affordable local entrepreneurs to put investments in the agro-based industries. In doing so, it also emphasized the provision of necessary inputs, financial assistance and human resources.

The government has adopted the KG+9 education system as the lowest level education vision according to the current conditions in order to produce human resources for the State. Starting from the 2023-24 academic year, students have chances to learn basic vocational courses, so basic education schools where students can pursue agriculture, livestock and industrial courses were opened. In 2025-26 academic year, a total of 89 basic education and industrial, agriculture and livestock high schools were opened in 88 districts. As this is technological era, eight Polytechnic Universities which can teach computer science and technologies as applied sciences were also established.

During the term of current government, efforts were made to increase cultivation of paddy, oil crops and pulses and beans in addition to production of livestock and fisheries yearly to ensure food security of the entire people. However, it is necessary to continuously strive to meet the target cultivation and production of 10 major crops.

With regard to the State economy, the previous government could earn K17,585.55 billion in 2020-2021 financial year but the current government earned K34,553.50 billion in 2024-25 financial year. State's GDP was K108,205.72 billion in 2020-2021 FY but the current government secured K160,654.82 billion in 2024-25 FY. So, the GDP growth rate reached 2,5 per cent. The World Bank mentioned that Myanmar may face reduction of GDP calculating the incorrect data. However, the government made utmost efforts for recovery of State economy.

*See Page 13*

*From Page 12*

During the term of the government, Myanmar experienced the second wave, third and fourth waves of COVID-19 pandemic, unrests, natural disasters cyclone Mocha in 2023, impacts of Typhoon Yagi and heavy rains and floods in 2024 and the devastating Mandalay earthquake in March 2025. The government responded to the challenges on time. Utmost efforts were made to successfully carry out rehabilitation in the post-COVID-19 and natural disasters.

Encouragement has been given to MSME businesses since 2022 o ensure import-substitute, development of State economy and production of quality products in order to earn incomes from exportation. As raw material is important in operating MSME businesses, MSME were encouraged to use domestic products. Currently, although MSME businesses are being operated successfully to some extent, the majority of products are foodstuffs. It is necessary to increase production of other marketable products such as industrial products and agricultural produce. Financial capital is required in operating businesses as well as good human resources must be adequate. Whenever he met with MSME businesses at home, businesspersons reported on shortage of labour. According to the 2024 pilot census, Myanmar has more than 34.8 million of workable people, and more than 19 million people are working. As there are more than 17 million registered workers at home and abroad, it is necessary to deploy them efficiently. As such, people have to really work while the government needs to create employment opportunities.

With regard to presentation on implementation of the third point of the Roadmap: **Priority will be given to the achieving peace as the essence of the state and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement (NCA) to the extent possible.** Successive governments of the State have implemented peace efforts through various approaches. Likewise, the current government has been consistently implementing peace processes without interruption. The government has given priority to carrying out peace-related efforts in accordance with the provisions of the Nationwide Ceasefire Agreement (NCA). Since durable peace is essential for national development, Tatmadaw issued a statement on 21 December 2018, announcing a unilateral ceasefire aimed at achieving lasting peace. Up to the present day, a total of 27 unilateral ceasefire declarations have been issued, reflecting the priority placed on peace. Peace can only be achieved through dialogue and negotiation. In implementing peace processes, instead of focusing on what one wants, all need to speak of what is appropriate and to work together in unity on what is possible, thereby building a practical, successful, and enduring peace that prioritizes the welfare of the country and the people.

The government extended an invitation on 22 April 2022, to the leaders of ethnic armed organizations to engage in dialogue in order to practically implement peace. As a result, the Senior General said he himself was able to hold direct discussions with 10 ethnic armed organizations—seven that had signed the Nationwide Ceasefire Agreement (NCA) and three that had not yet signed it. The National Solidarity and Peacemaking Negotiation Committee (NSPNC) has so far held 91 meetings with NCA-signatory ethnic armed organizations, 25 meetings with non-signatories, 22 meetings with political parties, and 13 meetings with peace intermediaries. In the current year of 2025, one Peace Talk and one Peace Forum as part of ongoing peace initiatives were held successfully. Through such meetings and dialogues, a total of 43 agreements were signed and confirmed regarding proposed amendments and additions to the 2008 Constitution. These agreements, along with the Union Accords compiled from peace conferences held under previous governments, will be submitted to the future Pyidaungsu Hluttaw formed through the upcoming election, in order to proceed with the constitutional amendment process. As national peace and stability, socio-economic development, and durable peace are the collective aspirations of all ethnic peoples, all stakeholders involved in the peace process must continue working toward durable peace through dialogue and negotiation in accordance with democratic practices.

Regarding the implementation of the fourth point of the forward process—**strengthening a genuine, disciplined multi-party democracy and accelerating efforts to build a union based on democracy and federalism**—it must be emphasized that elections are crucial for realizing democracy. Only elections that truly reflect the will of the people can establish genuine democracy. Since this is a multi-party democracy, political parties must also have fair opportunities to compete. To ensure equitable participation of political parties in elections, the laws and regulations governing party registration have been amended. Currently, there are 55 registered political parties, of which 9 will compete nationwide and 46 will compete at the regional/state level. Six parties are still under review for registration. The election date will be announced soon, and political parties will begin presenting their policies to the public and campaigning. Under the multi-party democratic system, political campaigns must be conducted freely and fairly, in accordance with laws and regulations, to fully realize a disciplined and genuine multi-party democracy.

Another key point is that building a union based on democracy and federalism does not mean copying models from other countries. Instead, it is essential to develop a democratic and federal system that suits our nation. Democracy is a governance system chosen by the people, where the majority's will is respected, but minority rights must also be protected. Treating those with differing views as enemies or excluding them is incompatible with democracy. Federalism is about sharing powers and rights, and its essence lies in unity and harmony. In Myanmar, no region or state is exclusively inhabited by a single ethnic group; instead, diverse communities coexist. The 2008 Constitution, drafted in line with our nation's realities, contains democratic and federal principles that must be effectively implemented. Our government has set two key political objectives: establishing a genuine, disciplined multi-party democracy and building a union based on democracy and federalism.

The final point of the forward process is to **ensure that all eligible voters can exercise their rights without hindrance and to conduct a well-organized general election. Once emergency provisions are fulfilled, a free and fair multi-party democratic general election will be held, and power will be transferred to the resulting government**. The ultimate goal of our State Administration Council government is to hold a free and fair multi-party democratic general election and transfer state responsibilities to the elected government. According to preliminary data from the 2024 population and housing census conducted on October 1, Myanmar's population exceeds 51.3 million, with over 3.4 million working abroad as per Ministry of Labour records. Thus, the total population is over 54.7 million. Based on census data, voter lists are being systematically prepared in accordance with electoral procedures.

The Union Election Commission is preparing to hold a multi-party democratic general election in line with the 2008 Constitution and electoral laws, considering regional security conditions. Historically, most post-independence elections were completed within a single day, except for the first parliamentary general election (1951–1952), which was held in phases. At that time, the Election Commission led by Sir Ba Oo organized parliamentary elections in one region after another due to instability. Given current security conditions, the upcoming election will also be conducted in phases, with at least a one-week interval between stages. To ensure transparency and convenience for voters, the Union Election Commission has, as of July 23, 2025, conducted demonstrations and trial voting sessions using the Myanmar Electronic Voting Machine (MEVM) for 117,279 voters in Nay Pyi Taw and all 14 states/regions. Efforts will continue in remaining areas.

To ensure broad representation of ethnic groups and social classes in the legislature, the upcoming election will use the First-Past-The-Post (FPTP) for the Pyithu Hluttaw and the Mixed Member Proportional (MMP) System for the Amyotha Hluttaw and State/Regional Hluttaws. Ensuring accurate voter lists and that all eligible voters can cast their ballots is crucial. To guarantee a free, fair, and transparent election, international election observers will be invited. Only then can the election be recognized as legitimate, and the resulting legislature can be a dignified institution respected by the world.

The 11,305,390 (over eleven million three hundred thousand) possible voter fraud cases that occurred in the 2020 general election were not resolved by the responsible level, and the convening of various parliaments and attempts to form a government were an attempt to seize state power by force as stipulated in Section 40(c) and Section 417 of the 2008 Constitution. Therefore, the Acting President of the State declared a state of emergency under Section 417 of the 2008 Constitution and transferred the legislative, executive and judicial powers of the State under Section 418(a), and the State Administration Council had to assume state responsibilities. As part of preparations for the election, plans have been put in place to enable voters to hold national registration cards (NRC) under the Pan Khin projects, and NRCs have been issued for 6,210,256 people who don't have the national registration cards. The 2024 Population and Household Census has been conducted and the resulting demographic data and basic voter list have been compiled. Now, our government has successfully resolved all the issues raised when the state of emergency was declared on February 1, 2021. Therefore, since the issues raised when the state of emergency was declared have been resolved and a general election is required to continue the path of multi-party democracy, we submit that the declaration of the state of emergency be lifted and the responsibilities of the state entrusted to our government be returned to the National Defence and Security Council.

The National Defence and Security Council, pursuant to Section 426 of the 2008 Constitution, shall exercise legislative, executive and judicial powers pursuant to Section 427(a). The National Defence and Security Council, under Section 427(b), has the right to exercise state power until a new President is elected and the Union-level authorities are formed, and it exercises legislative power itself, and may exercise executive and judicial powers by forming appropriate institutions at the Union, Region/State and Self-Governing Territories levels, or by delegating them to an appropriate person. Where such a body is formed, it shall be formed and given responsibility by persons who are in accordance with the relevant qualifications provided for in the Constitution under Section 428. Section 429 states that the National Defence and Security Council shall hold a general election in accordance with

*See Page 14*

*From Page 13*

the provisions of the Constitution within six months from the date of the declaration of the annulment of the order under Section 426. Section 430 stipulates that the organizations formed under Section 428 shall continue to perform their functions until a general election is held and the legislative, executive, and judicial bodies formed in accordance with the Constitution are formed. General elections for the various parliaments will be held between December 2025 and January 2026. Therefore, the National Defence and Security Council shall prepare for the elections, hold the elections, and establish the government, judiciary, and other organizations to continuously carry out the administrative and judicial functions of the state. The necessary arrangements shall also be made for this. The actions of our State Administration Council have paved the way for the future government, and we will continue to participate in them.

The armed conflicts currently taking place in the country have existed since the beginning and are not an issue that was included when the state of emergency was declared. The cessation of armed conflict means that true and lasting peace can be built only taking by time to negotiate. If the country is to return to a democratic system, it is imperative to hold elections. All armed groups currently opposing the government will be allowed to legally present their demands in the upcoming parliaments only if they cooperate to make the current elections successful. If elections cannot be held due to armed conflicts, the democracy that the people long for will disappear from the country. We believe that our government will be successful if we conduct the upcoming elections in phases with public participation, taking as an example the successful completion of the 2024 Population and Household Census despite the armed conflicts. If the elections are held and the respective parliaments are formed in accordance with the law, then it will be possible to pursue state-building activities and long-term and sustainable peace processes. Therefore, it is requested that all parties work together to hold free and fair elections, said the Senior General.

Following this, members of National Defence and Security Council discussed presentations made by the Pro Tem President (Duty) and Commander-in-Chief of Defence Services. Initially, Pyithu Hluttaw Speaker U T Khun Myat announced that on February 1, 2021, the Pro Tem President, through Ordinance No. 1/2021, which carried the force of law, transferred the legislative, executive, and judicial powers of the state to the Commander-in-Chief of Defence Services. National Defence and Security Council has agreed to annul the Ordinance, which transferred state authority. This decision follows a report today by the Pro Tem President and Commander-in-Chief of Defence Services, who confirmed the successful completion of the duties related to the transfer of state power. The annulment is made under Section 426 of the Constitution. Section 429 says, "The National Defence and Security Council shall hold the general election in accord with the provisions of the Constitution within a duration of six months commencing from the day on which the ordinance is annulled under Section 426." Following the general elections, the first regular session of the Pyithu Hluttaw for a new term must convene within 90 days of the general election date, as stipulated in Section 123 of the Constitution. Similarly, Section 154 (b) of the Constitution mandates that the Amyotha Hluttaw must hold its first regular session within seven days of the Pyithu Hluttaw's first regular session. Furthermore, Sections 78 and 171 (b) of the Constitution stipulate that the first regular sessions of the Pyidaungsu Hluttaw (Union Assembly) and the Region or State Hluttaws must be convened within 15 days of the Pyithu Hluttaw's first regular session. To ensure the successful convening of the various Hluttaws' third regular first sessions, in accordance with constitutional provisions, it was respectfully presented during the discussion that this would be achieved under the supervision and guidance of the National Defence and Security Council.

Following this, Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win, noted Pro Tem President and Commander-in-Chief of Defence Services, having successfully completed the roadmap and objectives of the State Administration Council, would transfer state power back to the National Defence and Security Council. The Vice-Senior General further stated during the discussion that the National Defence and Security Council (NDSC) supported the assumption of its state responsibilities, as proceedings would continue in accordance with Sections 426 to 430 of the Constitution.

Union Minister for Defence, General Maung Maung Aye, stated that according to the briefing by the Pro Tem President and Commander-in-Chief of Defence Services, the State Administration Council has successfully implemented its roadmap and objectives over the past four years. It was also observed that preparations are systematically underway for the successful conduct of free and fair multi-party democracy general elections, with efforts being made step-by-step. Therefore, the State Administration Council has sown the seeds of effective governance and successes for the National Defenceand Security Council and future successive governments. It is imperative that the incoming government maintain this momentum and continue the efforts initiated by the SAC.

Union Minister for Home Affairs Lt-Gen Tun Tun Naung reported to the meeting that security forces stepped up measures for security, the rule of law and anti-terrorism tasks and were able to dramatically reduce terrorism acts in regions and states, further ensuring the security and the rule of law to successfully hold the multi-party democracy general election and fully restoring the security, stability and the rule of law in the entire union in accordance with the law during the tenure of the National Defence and Security Council, which assumes the responsibilities of the State in accordance with the constitution.

The Union Minister for Foreign Affairs reported to the meeting that international relations and cooperation improved during the tenure of the SAC and the country attended events such as GMS, MLC, ACMECS, CLMV, BIMSTECS, EURASIA ECONOMIC FORUM, RUSSIAN VICTORY DAY in 2024-2025 while the head of state frankly exchanged views with leaders and head of states from 19 countries, establishing positive relations and cooperation and achieving the success of the summit diplomacy. More importantly, high-level meetings were held with China, Russia and India out of the four powerful countries and positive supports and cooperation were enhanced. The election scheduled in Myanmar were discussed during such meetings and positive supports from respective countries were achieved. Therefore, with the achievements in international relations, it was an opportune time to hold a free and fair multi-party democracy general election in accordance with the constitution.

Union Minister for Border Affairs Lt-Gen Yar Pyae reported to the meeting that the SAC implemented its road-maps and objectives successfully during the state of emergency and made progress in the economic sector, agriculture sector and education sector during its tenure. As it was now necessary to from Hluttaws comprising representatives elected by the people to approve 43 constitutional amendments agreed on by ethnic armed organizations and political parties, future tasks to be implemented by the NDSC in accordance with the constitution was fully supported.

In connection with the discussions, Pro Tem President (Duty) Commander-in-Chief of Defence Services said the members of the NDSC supported the election, which would be held phase by phase as it could not be held simultaneously in the entire country due to the current situation of the country. There were some townships where conflicts with ethnic armed organizations broke out and other townships where elections could not be held previously. Voting machines to be used in the election could come up the results within a short period and prevent vote rigging. The voting machine would be used by taking lessons from incorrect voters' lists in 2020 multi-party democracy general election.

As people displaced by natural disasters or other reasons were also eligible for voting in accordance with the law, arrangements were made for them to cast early votes. Preparations were made to allow all eligible voters to cast their votes. Emphasis was placed on holding fair election without vote rigging during the election. In enacting the election law, those who completed the basic education level were permitted compete the election as they were responsible for legislature.

The NDSC would hold the election without fail and as the Tatmadaw had to assume the responsibilities of the State due to circumstances at that time, measures would be taken to hand over power to the winning government by holding the election and necessary assistance would be provided.

Then, the Senior General announced on behalf of the SAC that the SAC was dissolved as all members of the NDSC approved the discussions of the Commander-in-Chief of Defence Services. Then, Meeting (3/2025) of the NDSC concluded.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၁၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၁၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နှမ်းကေ ၁၉၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၁၈ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းကေ ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ကျေးရွာအုပ်စု မကျီးပင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာပြီး မိသားစုဝင်ငွေတိုးပွားစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း (RBF) စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များကို မိတ်ဆက်ရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော မကျီးပင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကော်မတီဝင် ငါးဦးကို အများသဘောဆန္ဒနှင့် အညီရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပုစွန်အစုံ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးလင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပုစွန်အစုံ ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသမှ ထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရေထွက်ကုန်အများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ပုစွန်အစုံ ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်အပါအဝင် အခြားရေထွက်ကုန်တွေ ကုန်ချိန်များများတင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးလင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်ဆိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၃၅၀၀၊ ပုစွန်ဘော့ချိတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀၊ ပုစွန်ပြောင်ထုပ်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၃၆၅၀၀ မှ ၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် ကမ်းကြီးဆိတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဝေါ ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သပြေကန်ကျေးရွာအုပ်စု ကမ်းကြီးဆိတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင်၃၀ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကမ်းကြီးဆိတ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ် ကမ်းကြီးဆိတ်ကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မ ရှိသော ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကြပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညို**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ရှေ့ဖုံးမှအဆက်**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးတို့ တက်ရောက်ကြသည်။

ဦးစွာယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ ယခုဆိုလျှင် လေးနှစ်နှင့်ခြောက်လတာကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည်ဆိုသည်ကို၂၀၂၅ ခုနှစ် ဇွန် ၁၆ ရက်က မိတ္ထီလာ၌ လူထုနှင့်တွေ့ဆုံချိန်တွင် မိမိစတင်အသိပေးပြောကြားခဲ့ကြောင်း၊ ထို့ကြောင့်အခုလာမည့်ခြောက်လတာကာလသည် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အပြီးသတ်ပြင်ဆင်ပြီး အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည့်ကာလဖြစ်ကြောင်း။ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစပြီး နိုင်ငံတော်၏အခြေအနေအပေါ်မူတည်ကာ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကိုချမှတ်ပြီး အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၄၂၆ အရ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၁၇ နှင့် ပုဒ်မ ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင်ဆောင်ရွက်ပြီးကြောင်းတင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ ပုဒ်မ ၄၁၈



ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းပြောကြားစဉ်။

ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ၂၀၁၀ ပြည့်နှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အသက်သွင်းခဲ့ပြီး ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅) အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်ကိုလည်း ၂၀၂၃ ခုနှစ်မှစတင်၍ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်နှင့် ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များကို ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့အစိုးရကာလတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ယနေ့ဖြစ်ပျက်နေသည့် နိုင်ငံတကာရေးရာအခြေအနေများကြောင့် မိမိတို့ကဲ့သို့ နိုင်ငံငယ်များ၏ကာကွယ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး

**ငြိမ်းချမ်းရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကိုပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကို ပြောပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ်ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နိုင်ငံနှင့်ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန်ပြောကြားလို . . .**

**ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ် . . .**




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဆွေးနွေးတင်ပြစဉ်။




ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဆွေးနွေးတင်ပြစဉ်။

အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်ဟုဖော်ပြပါရှိကြောင်း၊ ယခုကဲ့သို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမည်ဟု ပုဒ်မ ၄၂၉ တွင် ပြဋ္ဌာန်းထားကြောင်း၊ မိမိတို့အနေဖြင့် လာမည့်ဒီဇင်ဘာလတွင် ဥပဒေနှင့်အညီ ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားများနှင့် ပါတီငယ်များလည်း နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ဖော်ဆောင်ထားသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်လုံခြုံစွာဆန္ဒမဲပေးနိုင်ရန် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ကြောင်း။

ရှေ့လုပ်ငန်းစဉ်ငါးရပ်၏ ပထမဆုံးအချက်ဖြစ်သည့် **လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်**ဆိုသည့် အချက်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဦးစွာတင်ပြလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အာဏာရပါတီသည် မဲမသမာမှုများကိုကျူးလွန်ခဲ့ကြကြောင်း၊ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးမှုမရှိဘဲ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန်ကြိုးစားခဲ့သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး မိမိတို့အစိုးရက တာဝန်ယူထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါအချိန်က အာဏာရပါတီကို ထောက်ခံသူများသည် အရေးပေါ်အခြေအနေအရ အပြောင်းအလဲဖြစ်မှုများကို မကျေနပ်မှုမှအစပြုပြီး ဆူပူဆန္ဒပြမှုများကနေ အကြမ်းဖက်တိုက်ခိုက်မှုများ နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခဲ့ကြကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် ယခင်ကတည်းကရှိနေသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများသည်လည်း အဆိုပါနိုင်ငံရေးဖြစ်စဉ်ကို အခွင့်ကောင်းယူပြီး အမြတ်ထုတ်နိုင်ရန် လက်နက်ကိုင်အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့ကြသည့်အတွက်ကြောင့် နိုင်ငံတော်တွင် **ဘူးလေးရာဖရုံဆင့်**ဖြစ်ခဲ့ရကြောင်း။

မိမိတို့အစိုးရအဖွဲ့ နိုင်ငံ့တာဝန်ရယူခဲ့ရချိန်မှစပြီး ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုအပြည့်အဝရရှိအောင် အလေးထားကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြောင်း၊ အဆိုပါတာဝန်များကို

သည် ပြည်သူတစ်ရပ်လုံး၏ အင်အားစုများအားလုံးပါဝင်မှသာ ခိုင်မာမှုရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရလက်ထက် ယခုကဲ့သို့ဆောင်ရွက်မှုများသည် နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် လမ်းခင်းပေးမှုများပင်ဖြစ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် ဒုတိယအချက်ဖြစ်သည့် **တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်**ဆိုသည့် အချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကို တင်ပြလိုကြောင်း၊ ၂၀၂၄ ခုနှစ် ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး ထိုအထဲက ၅၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် သစ်တောကဏ္ဍများတွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် စိုက်ပျိုးမွေးမြူရေးသည် မိမိတို့နိုင်ငံတွင်ရှိသည့် တိုင်းရင်းသားပြည်သူအများစု၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေး၏ အသက်သွေးကြောလည်း ဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဖော်ဆောင်ပေးခြင်းသည် အထိရောက်ဆုံးဖြစ်ကြောင်း၊ စိုက်ပျိုး

မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက တစ်ဖက်တွင်လည်း ဆင်းရဲမှုလျှော့ချရေးကိုလည်း များစွာ အထောက်အကူပြုမည်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို လယ်ယာစိုက်ပျိုးရေး စွမ်းအားရှိသည့် Agricultural Power Country ဖြစ်ရန် တည်ဆောက်သည့်နေရာတွင် ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို ပိုမိုတိုးတက်ထုတ်လုပ်ရန်၊ နိုင်ငံတကာဈေးကွက်ဝင်စေရန်၊ အကျိုးအမြတ်ရှိပြီး ခိုင်မာသေချာသည့် သီးနှံထုတ်လုပ်မှုဖြစ်ပေါ်လာစေရန် တိုးတက်ဖွံ့ဖြိုးလာသည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကို ရယူအသုံးချနိုင်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အခြေခံသွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်စေရန်အတွက်လည်း ပြည်ပမှ မှာယူတင်သွင်းမှုများအပြင် ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန် အတွက်လည်း အားပေးဆောင်ရွက်ခဲ့ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro Base Industries) များကို ပြည်တွင်းက အရင်းအနှီးရှိသူ ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များ ကိုယ်တိုင် ရင်းနှီးမြှုပ်နှံပါဝင်လုပ်ဆောင်လာအောင် အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် လိုအပ်သည့် သွင်းအားစုများရရှိရေး၊ ဘဏ္ဍာငွေအကူအညီပေးရေးနှင့် လူသားအရင်းအမြစ်များရရှိရေး တို့ကိုလည်း ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးပြောကြားစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး
ဦးသန်းဆွေ ဆွေးနွေးတင်ပြစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆွေးနွေးတင်ပြစဉ်။

နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်သည့်နေရာတွင် မျက်မှောက်ခေတ်အခြေအနေများအရ မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် ချမှတ်ခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစပြီး KG+9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရန် အခြေခံရသွားနိုင်ပြီဖြစ်ခြင်းကြောင့် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ ဘာသာရပ်များကို သင်ကြားပေးသည့် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခုတွင် ၈၉ ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ အခုခေတ်သည် နည်းပညာခေတ်ဖြစ်ခြင်းကြောင့် လက်တွေ့အသုံးချ သိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူဆောင်ရွက်ခဲ့သည့်ကာလအတွင်း၌ ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက် တိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း အဓိကသီးနှံအဖြစ်သတ်မှတ်ထားသည့် သီးနှံ ၁၀ မျိုးတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် ယခင်အစိုးရလက်ထက်၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံအထိ တိုးတက်ရရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးသည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၀၈၂၀၅ ဒသမ ၇၂ ဘီလီယံရှိရာမှ မိမိတို့အစိုးရကာလ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၆၀၆၅၄ ဒသမ ၈၂ ဘီလီယံအထိ၊ GDP တိုးတက်မှု ၂ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိခဲ့ကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့် မှန်ကန်ပြည့်စုံမှုမရှိသည့်အချက်အလက်များကို အခြေခံပြီး မိမိတို့နိုင်ငံ၏ ဂျီဒီပီကိုလျော့နည်းနိုင်သည်ဟု ကြိုတင်သုံးသပ်ထားသော်လည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေးပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူခဲ့ရသည့်ကာလအတွင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်း၊ တတိယလှိုင်းနှင့် စတုတ္ထလှိုင်းများအပြင် ဆူပူဆန္ဒပြမှုများ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် ၂၀၂၃ ခုနှစ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂိမုန်တိုင်း၏အရှိန်နှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရုတ်တရက် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုနှင့် ၂၀၂၅ ခုနှစ်၊ မတ်လအတွင်းက အလွန်အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဒဏ်တို့ကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ယခုကဲ့သို့စိန်ခေါ်မှုများစွာကို လိုအပ်သည့် တုံ့ပြန်ဆောင်ရွက်မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်နှင့် သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပြည်ပသွင်းကုန်အစားထိုးရန်၊ နိုင်ငံ့စီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပကိုတင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန်ရည်ရွယ်ချက်များနှင့် MSME လုပ်ငန်းများကို ၂၀၂၂ ခုနှစ်ကစပြီး အားပေးဆောင်ရွက်ခဲ့ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ကုန်ကြမ်းရရှိရေးသည် အဓိကအရေးကြီးသည့်အတွက် ဒေသတွင်းကထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခဲ့ကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများသည် အတိုင်းအတာတစ်ခုအထိ လည်ပတ်အောင်မြင်သည်ကို တွေ့ရှိရသော်လည်း အများစုသည် စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အခြားဈေးကွက်ဝင် ထုတ်ကုန်များဖြစ်သည့်စက်မှုထုတ်ကုန်နှင့် လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကိုလည်း ပိုမိုထုတ်လုပ်နိုင်ရန်လိုအပ်နေကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကြေးအရင်းအနှီးများ လိုအပ်သကဲ့သို့ လူသားအရင်းအမြစ် ကောင်းများလည်း လုံလောက်စွာရရှိရန်လိုအပ်ကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းက MSME လုပ်ငန်းများကို သွားရောက်အားပေးတွေ့ဆုံသည့်အခါ လုပ်သားရှားပါးမှု တင်ပြကြသည်ကို တွေ့ရကြောင်း၊ ၂၀၂၄ ခုနှစ် ရွှေ့ပြောင်းလူဦးရေစာရင်းအရ မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ ၃၄ ဒသမ ၈ သန်းကျော်ရှိပြီး တစ်နည်းမဟုတ် တစ်နည်းဖြင့် အလုပ်လုပ်နေသူ ၁၉ သန်းကျော်သာရှိကြောင်း၊ ပြည်တွင်းနှင့် ပြည်ပတွင် အလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး အလုပ်လုပ်နေသူ ၁၇ သန်းကျော်သည့်အတွက် လုပ်သားအင်အားတွေရှိနေသော်လည်း အကျိုးရှိရှိအသုံးချနိုင်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်မည့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ်အလုပ်လုပ်ရန်နှင့် အစိုးရအနေဖြင့်လည်း အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်နေသည်ကို တင်ပြအပ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် **နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဆိုသည့်** အချက်နှင့်ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကိုတင်ပြလိုကြောင်း၊ နိုင်ငံတော်အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး NCA သဘောတူစာချုပ်အတိုင်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းငြိမ်းချမ်းရေးသည် အရေးကြီးသည့်အတွက် တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို စတင်ထုတ်ပြန်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ ထာဝရငြိမ်းချမ်းရေးအတွက် တစ်ဖက်သတ် အပစ်ရပ်ထုတ်ပြန်မှုပေါင်း ၂၇ ကြိမ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလေးပေးဆောင်ရွက်ခဲ့သည်ကို တင်ပြလိုကြောင်း၊ ငြိမ်းချမ်းရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာရေးလမ်းကြောင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် **စာမျက်နှာ ၁၈ သို့**

**စာမျက်နှာ ၁၇ မှအဆက်**

ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်ကာ နိုင်ငံနှင့် ပြည်သူလူထု၏ ကောင်းရာကောင်းကျိုးကို ရှေးရှုကြရန်ပြောကြားလိုကြောင်း။

မိမိတို့အစိုးရသည် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့်ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထဲမှ ခုနစ်ဖွဲ့၊ လက်မှတ်မရေးထိုးထားရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲမှ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့နှင့် မိမိကိုယ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့်အဖွဲ့များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်အတွင်း ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်တို့ကို ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကို ပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့ကြောင်း၊ ယင်းသဘောတူညီချက်များနှင့် ယခင်အစိုးရများလက်ထက် ငြိမ်းချမ်းရေးညီလာခံရလဒ်များက စုစည်းထားသည့် ပြည်ထောင်စုသဘောတူညီချက် (Union Accord)များကို မကြာခင်ကျင်းပမည့်ရွေးကောက်ပွဲမှ ပေါ်ပေါက်လာမည့် ပြည်ထောင်စုလွှတ်တော်ကို စုစည်းတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး လုပ်ငန်းစဉ်များကို ပြန်လည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးတို့သည် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြသည့် သက်ဆိုင်သူအားလုံးသည် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ရှေ့လုပ်ငန်းစဉ် စတုတ္ထအချက်ဖြစ်သည့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်**ဟူသည့် အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တင်ပြလိုကြောင်း၊ ဒီမိုကရေစီကိုဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲများသည်အရေးကြီးကြောင်း၊ ပြည်သူလူထု၏ ဆန္ဒအမှန်ကို ဖော်ပြနိုင်သည့်ရွေးကောက်ပွဲများကသာ စစ်မှန်သည့် ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီဖြစ်သည့်အတွက် နိုင်ငံရေးပါတီများသည် တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရန်လည်း လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံရေးပါတီများ တရားမျှတစွာပါဝင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ကြောင်း၊ လက်ရှိအချိန်အထိ တည်ဆဲနိုင်ငံရေးပါတီ ၅၅ ပါတီရှိပြီး ၎င်းတို့အနက်တစ်နိုင်ငံလုံး ယှဉ်ပြိုင်မည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပါတီ ၄၆ ပါတီ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး စိစစ်ဆဲပါတီ ခြောက်ပါတီရှိကြောင်း၊ မကြာမီကာလတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ကြေညာတော့မည်ဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူများကို ပါတီလုပ်ငန်းစဉ်များချပြပြီး မဲဆွယ်စည်းရုံးရတော့မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မဲဆွယ်စည်းရုံးမှုများတွင် လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်

> **တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP- Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ် ...**

ဖော်နိုင်ရန်လိုအပ်ကြောင်း။

နောက်တစ်ချက်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဟူသည့် နေရာတွင် အခြားနိုင်ငံများ၏ ကျင့်သုံးမှုပုံစံကို ပုံတူကူးပြီး ကျင့်သုံးခြင်းမျိုးမဟုတ်ဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်ရန်အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်ဟူသည်မှာ ပြည်သူကရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၎င်း၏အနှစ်သာရဖြစ်သည့် အများဆန္ဒအတိုင်းဆောင်ရွက်ခွင့်ရှိသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရန်လိုအပ်ကြောင်း၊ မိမိနှင့် အယူအဆမကိုက်ညီသူများကို ရန်သူလိုသဘောထားပြီး ခွဲခြားဆက်ဆံခြင်းများ၊ ဖယ်ကြဉ်ထားခြင်းများသည် ဒီမိုကရေစီစနစ်နှင့် လုံးဝကိုက်ညီမှုမရှိသည့် အရာဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဟူသည်မှာလည်း လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားစေခြင်းဖြစ်ပြီး ၎င်း၏အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်း သီးသန့်နေထိုင်ခြင်းမျိုးမရှိဘဲ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်လျက်ရှိနေကြကြောင်း၊ မိမိတို့နိုင်ငံ၏ အရှိတရားနှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပါ ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာလုပ်ပိုင်ခွင့် အနှစ်သာရများကို အကျိုးရှိအောင် အသုံးချပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကိုလည်း တင်ပြအပ်ကြောင်း။

ရှေ့လုပ်ငန်းစဉ်များ၏ နောက်ဆုံးအချက်ဖြစ်သည့် **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**ဟူသည့် အပိုင်းကို ဆက်လက်တင်ပြလိုကြောင်း၊ မိမိတို့နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပပေးပြီး ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန် လွှဲပြောင်းပေးနိုင်ရေးပင် ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိသည့် ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ရှိပြီး အလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် စာရင်းများအရ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ ၃ ဒသမ ၄ သန်းကျော်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၅၄ ဒသမ ၇ သန်းကျော်ရှိသည်ကို တွေ့ရှိရကြောင်း၊ သန်းခေါင်စာရင်းမှရရှိလာသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို အခြေခံပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း မဲဆန္ဒရှင်စာရင်းကို စနစ်တကျ ပြုစုဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ဒေသအလိုက် လုံခြုံရေးအခြေအနေအပေါ် မူတည်ပြီး ကျင်းပပြုလုပ်သွားရန် စီမံဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပခဲ့သည့်ရွေးကောက်ပွဲများကို ပြန်ပြီးလေ့လာကြည့်ပါက အများစုသည် ရွေးကောက်ပွဲကို သတ်မှတ်သည့်ရက်တစ်ရက်အတွင်း အပြီးဆောင်ရွက်ခဲ့ကြသော်လည်း ပထမအကြိမ် ပါလီမန် အထွေထွေရွေးကောက်ပွဲကိုမူ ၁၉၅၁ ခုနှစ် ဇွန်လမှ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါခေတ်ကာလက ဆာဘဦး ခေါင်းဆောင်သည့် ရွေးကောက်ပွဲကော်မရှင်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိသည့်အတွက် ပါလီမန် အထွေထွေရွေးကောက်ပွဲကို တစ်နယ်ပြီးတစ်နယ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေအရ မိမိတို့အနေဖြင့်လည်း မကြာခင်ကျင်းပမည့် ရွေးကောက်ပွဲကို လုံခြုံရေးနှင့် စီမံခန့်ခွဲမှုအပေါ်မူတည်ပြီး အပိုင်းခွဲကျင်းပသွားမည်ဖြစ်ကြောင်း၊ တစ်ပိုင်းနှင့်တစ်ပိုင်းကို အနည်းဆုံးရက်သတ္တပတ်ခြားပြီး ဆောင်ရွက်ရန်လျာထားကြောင်း၊ မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၃ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုမှ မဲဆန္ဒရှင်ပြည်သူ ၁၁၇၂၇၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်းသည့် ရှင်းလင်းပြသမှုများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးမှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်ဒေသများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်အတွင်း ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာစေရေးအတွက် ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP– Mixed Member Proportion System)ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင်လည်း မဲစာရင်းများမှန်ကန်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး အရေးကြီးသကဲ့သို့ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသော ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက်လည်း နိုင်ငံတကာက ရွေးကောက်ပွဲစောင့်ကြည့်လေ့လာ အကဲခတ်ရေးကိုယ်စားလှယ်များကို ဖိတ်ခေါ်ထားကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ကျင်းပသည့်ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပြီး ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် လွှတ်တော်သည်လည်း ဂုဏ်သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ဖြစ်သည်ကို ကမ္ဘာကိုချပြနိုင်မည်ဖြစ်ကြောင်း။

၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်နိုင်သည့်စာရင်း ၁၁၃၀၅၃၉၀(တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်)ကို တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန်ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ တွင်ပါရှိသည့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် နိုင်ငံတော်၏ ယာယီသမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး ပုဒ်မ ၄၁၈(က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ပေးခဲ့သည့်အတွက် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို ရယူထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်မှုများအဖြစ် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်မဲပေးနိုင်ရန်အတွက် ပန်းခင်းစီမံချက်များချမှတ်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၆၂၀၂၅၆ ဦးကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူနိုင်ခဲ့ပြီး ရရှိလာသည့်လူဦးရေဆိုင်ရာအချက်အလက်များနှင့် အခြေခံမဲဆန္ဒရှင်စာရင်းကိုလည်း ပြုစုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုဆိုပါက၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာစဉ်က ပါရှိခဲ့သည့် ကိစ္စရပ်အားလုံးကို မိမိတို့အစိုးရအနေဖြင့် အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့စဉ်က ပါရှိခဲ့သည့် ကိစ္စရပ်များကို ပြီးပြတ်အောင် ဆောင်ရွက်ပြီးဖြစ်ခြင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲ တစ်ရပ်အား မဖြစ်မနေကျင်းပပေးရန် လိုအပ်ခြင်းတို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာထားခြင်းအား ရုပ်သိမ်းပေးနိုင်ပါရန်နှင့် မိမိတို့အစိုးရအပေါ် ပေးအပ်ထားသော နိုင်ငံ့တာဝန်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်အပ်နှံခွင့်ပြုပါရန် တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၄၂၆ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် မိမိကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာပြီးသည့်နောက် ပုဒ်မ ၄၂၇(က) အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ပုဒ်မ ၄၂၇(ခ) အရ နိုင်ငံတော်သမ္မတအသစ်ရွေးချယ်တင်မြှောက်ပြီး ပြည်ထောင်စုအဆင့်အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည့်အချိန်အထိ နိုင်ငံတော်အာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိပြီး ဥပဒေပြုရေးအာဏာကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ကာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကိုမူ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်များအတွက်

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်ကြောင်း၊ ထိုသို့ဆောင် ရွက်စေသည့်နေရာတွင် ပုဒ်မ ၄၂၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအရည်အချင်းနှင့်ညီညွတ်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၄၂၉ မှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်နေ့ကစပြီး ခြောက်လအတွင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၄၂၈ အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန် များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပုဒ်မ ၄၃၀ တွင် ပြဋ္ဌာန်းထား ကြောင်း၊ လွှတ်တော်အသီးသီးအတွက် အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန်၊ ရွေးကောက်ပွဲကျင်းပရန်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးကဏ္ဍများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့၊ တရားစီရင်ရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် လိုအပ်သည့် စီစဉ်ဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်မှုများသည် နောင်အစိုးရအတွက် လမ်းခင်းပေးခဲ့ခြင်းဖြစ်သကဲ့သို့ ဆက်လက်၍လည်း မိမိတို့အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိ နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် မူလကပင်ရှိခဲ့ပြီး နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာစဉ်က ပါရှိခဲ့သည့် ကိစ္စရပ်တစ်ခုမဟုတ်ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးဟူသည်မှာ အချိန်ယူပြီး စေ့စပ်ဆွေးနွေးညှိနှိုင်းနိုင်မှသာ စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ပြန်လည် လျှောက်လှမ်းရန်ဆိုပါက ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရန် လိုအပ်ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရကိုဆန့်ကျင်နေသည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံးအနေဖြင့်လည်း ယခုကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မှသာ ပေါ်ပေါက်လာမည့် လွှတ်တော်များတွင် မိမိတို့၏လိုလားချက်များကို ဥပဒေနှင့်အညီ တရားဝင်တင်ပြဆောင်ရွက်ခွင့်ရမည်ကိုလည်း တရားဝင်အသိပေးပြောကြားလိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်တွင် ရွေးကောက်ပွဲမကျင်းပပါက ပြည်သူလူထုလိုလားတောင့်တသည့် ဒီမိုကရေစီသည် နိုင်ငံတော်တွင် ဆိတ်သုဉ်းနေမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းလက်နက်ကိုင် ပဋိပက္ခများကြားကပင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်အောင်မြင်မြင်ကောက်ယူနိုင်ခဲ့သည်ကို သာဓကယူပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အခုကျင်းပမည့်ရွေးကောက်ပွဲကို အပိုင်းလိုက်ခွဲပြီးဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်သည်ကို ယုံကြည်ပါကြောင်း၊ ထိုသို့ ရွေးကောက်ပွဲကျင်းပပြီး ဥပဒေနှင့်အညီ လွှတ်တော်အသီးသီးပေါ်ပေါက်လာပါက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အားလုံးဝိုင်းဝန်း ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တင်ပြအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာကို အပ်နှင်းခဲ့ကြောင်း၊ ထိုသို့ နိုင်ငံတော်အာဏာကိုလွှဲအပ်စေသည့် တာဝန်များအား ပြီးမြောက်အောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ယနေ့တွင် အစီရင်ခံတင်ပြခဲ့သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် အမိန့်အမှတ်(၁/၂၀၂၁)ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၆ အရ ပယ်ဖျက်ခြင်းအား သဘောတူထောက်ခံပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၉ တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပုဒ်မ ၄၂၆ အရ အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာပြီးသည့်နေ့မှစ၍ ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲကျင်းပပေးရမည်ဟု ပြဋ္ဌာန်းထားရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီးပါက လွှတ်တော်အစည်းအဝေးကျင်းပခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၃ တွင် ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရမည်ဟု ပြဋ္ဌာန်းထားရှိကြောင်း၊ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၄ (ခ)တွင် အမျိုးသားလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးကျင်းပသည့်နေ့မှ ခုနစ်ရက်အတွင်းတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၈ နှင့်ပုဒ်မ ၁၇၁(ခ)တွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ပြည်သူ့လွှတ်တော် ပထမအကြိမ်ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှ ၁၅ ရက်အတွင်းတွင်လည်းကောင်း ကျင်းပရမည်ဟု အသီးသီးပြဋ္ဌာန်းထားရှိကြောင်း၊ တင်ပြပါ လွှတ်တော်အသီးသီး၏ တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှုများကိုခံယူပြီး အောင်မြင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်သည့်အတွက် နိုင်ငံတော်အာဏာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ ပြန်လည်လွှဲပြောင်း ဆောင်ရွက်မည်ဟု အစီရင်ခံမှုအရ ကြားသိရကြောင်း၊ ဆက်လက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၆ မှ ၄၃၀ ထိ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်သွားမည်ဖြစ်သည့်ကိစ္စရပ်အား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းတင်ပြချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူခဲ့သည့် လေးနှစ်ကျော်ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း စနစ်ကျနစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး အဆင့်အလိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့ အဆင့်ဆင့်ကို ကောင်းမွန်သည့်ဆောင်ရွက်ချက်များနှင့် အောင်မြင်မှုများကို မျိုးစေ့ချပေးခဲ့ခြင်းဖြစ်ပြီး ဆက်လက်တာဝန်ယူသွားမည့် အစိုးရအနေဖြင့်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြိုးပမ်းမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကြမ်းဖက်မှုများ များစွာလျော့နည်းလာသည်ကိုတွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်တာဝန်များကို ထမ်းဆောင်သွားမည့် ကာလတွင်လည်း လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် ဥပဒေနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည့်ကာလအတွင်း နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ခုနှစ်အတွင်း၌ GMS၊ MLC၊ ACMECS၊ CLMV၊ BIMSTECS၊ EURASIA ECONOMIC FORUM၊ RUSSIAN VICTORY DAY စသည့် အခမ်းအနားများသို့ ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ခဲ့ကာ အပြုသဘောဆောင်သည့် ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော် ထူထောင်နိုင်ခဲ့ခြင်းသည် Summit Diplomacy ၏ အောင်မြင်မှုတစ်ရပ်အဖြစ် တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးကိုလွှမ်းမိုးထားသည့် ကမ္ဘာ့အင်အားကြီး လေးနိုင်ငံအနက် တရုတ်၊ ရုရှား၊ အိန္ဒိယနိုင်ငံများနှင့် ထိပ်သီးအဆင့်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး အပြုသဘောထောက်ခံအားပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ရာတွင်လည်း နိုင်ငံအသီးသီးမှ အပြုသဘောဖြင့် ထောက်ခံအားပေးခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လက်ရှိအချိန်ကာလသည် နိုင်ငံတကာဆက်ဆံရေးတွင် အောင်မြင်မှုများရရှိနေသည့် ကာလဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပြုလုပ်သွားမည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ရန် အချိန်အခါကောင်း ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍများတွင်လည်း တာဝန်ယူထားသည့် ကာလအတွင်း တိုးတက်မှုရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် သဘောတူညီခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအချက် ၄၃ ချက်ကို ပြင်ဆင်ဖြည့်စွက်နိုင်ရန်အတွက် ပြည်သူများကရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လွှတ်တော်အသီးသီးပေါ်ပေါက်ရန် လိုအပ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းပုံအခြေခံနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးကောက်ပွဲပြုလုပ်နိုင်ရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် ထောက်ခံတင်ပြခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကိုကျင်းပရာတွင် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေအရ တစ်ကြိမ်တည်းဖြင့် ဆောင်ရွက်၍မရဘဲ အပိုင်းလိုက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများရှိနေသည့် မြို့နယ်များရှိသကဲ့သို့ ယခင်ကတည်းက ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များလည်းရှိကြောင်း၊ ရွေးကောက်ပွဲတွင်အသုံးပြုမည့် မဲပေးစက်များသည်လည်း အချိန်တိုကာလအတွင်း ရလဒ်များထွက်ပေါ်အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မဲမသမာမှု ဆောင်ရွက်၍မရကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းခဲ့မှုများဖြစ်ပေါ်ခဲ့မှုအပေါ် သင်ခန်းစာယူ၍ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် ပြည်သူများသည်လည်း ဥပဒေအရမဲပေးခွင့်ရှိသဖြင့် ကြိုတင်ဆန္ဒမဲများဖြင့် မဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲများပေးသည့်အချိန်တွင် မဲမသမာမှုများ မဖြစ်ပေါ်စေရေးနှင့် သမာသမတ်ရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဥပဒေပြဋ္ဌာန်းရာတွင်လည်း လွှတ်တော်အသီးသီးတွင် တာဝန်ယူရမည့်သူများသည် ဥပဒေပြုရေးကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အခြေခံပညာအဆင့် ပြီးဆုံးသူများကိုသာ ကိုယ်စားလှယ်လောင်းများ အဖြစ်သတ်မှတ်ထားခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို အခြေအနေအရသာ တာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြုလုပ်၍ အနိုင်ရရှိသည့် အစိုးရအဖွဲ့အား တာဝန်လွှဲအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆွေးနွေးတင်ပြချက်များအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံးက သဘောတူညီသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖျက်သိမ်းလိုက်သည်ကို အသိပေးကြေညာအပ်ပါကြောင်းဖြင့်ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၅) ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အရေးပေါ်အခြေအနေကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အရေးပေါ်အခြေအနေကြေညာခြင်း**
**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂(က)အရ အရေးပေါ်အခြေအနေကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**
- (၁) ဆွမ်ပရာဘွမ်မြို့နယ်၊
- (၂) ရွှေကူမြို့နယ်၊
- (၃) အင်ဂျန်းယန်မြို့နယ်၊
- (၄) ဆော့လော်မြို့နယ်၊
- (၅) ချီဖွေမြို့နယ်။

( ခ ) **ကယားပြည်နယ်**
- (၁) ရှားတောမြို့နယ်၊
- (၂) ဖားဆောင်းမြို့နယ်၊
- (၃) မယ်စဲ့မြို့နယ်။

( ဂ ) **ကရင်ပြည်နယ်**
- (၁) ကော့ကရိတ်မြို့နယ်၊
- (၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**
- (၁) ကန်ပက်လက်မြို့နယ်၊
- (၂) ထန်တလန်မြို့နယ်၊
- (၃) ပလက်ဝမြို့နယ်၊
- (၄) တွန်းဇံမြို့နယ်၊
- (၅) မင်းတပ်မြို့နယ်၊
- (၆) မတူပီမြို့နယ်၊
- (၇) ဖလမ်းမြို့နယ်။

( င ) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ထီးချိုင့်မြို့နယ်၊
- (၂) ကောလင်းမြို့နယ်၊
- (၃) ပင်လည်ဘူးမြို့နယ်၊
- (၄) ခင်ဦးမြို့နယ်၊
- (၅) ဝက်လက်မြို့နယ်၊
- (၆) ကနီမြို့နယ်၊
- (၇) ဒီပဲယင်းမြို့နယ်၊
- (၈) ပုလဲမြို့နယ်၊
- (၉) အင်းတော်မြို့နယ်။

( စ ) **မကွေးတိုင်းဒေသကြီး**
- (၁) ပေါက်မြို့နယ်၊
- (၂) မြိုင်မြို့နယ်၊
- (၃) ဆောမြို့နယ်၊
- (၄) ထီးလင်းမြို့နယ်၊
- (၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**
- (၁) မိုးကုတ်မြို့နယ်၊
- (၂) စဥ့်ကူးမြို့နယ်၊
- (၃) ငါန်းဇွန်မြို့နယ်။

( ဇ ) **ရခိုင်ပြည်နယ်**
- (၁) ရမ်းဗြဲမြို့နယ်၊
- (၂) ပေါက်တောမြို့နယ်၊
- (၃) ပုဏ္ဏားကျွန်းမြို့နယ်၊
- (၄) ရသေ့တောင်မြို့နယ်၊
- (၅) ဗွမြို့နယ်၊
- (၆) မောင်တောမြို့နယ်၊
- (၇) ဘူးသီးတောင်မြို့နယ်၊
- (၈) ကျောက်တော်မြို့နယ်၊
- (၉) မင်းပြားမြို့နယ်၊
- (၁၀) မြေပုံမြို့နယ်၊
- (၁၁) မြောက်ဦးမြို့နယ်၊
- (၁၂) သံတွဲမြို့နယ်၊
- (၁၃) အမ်းမြို့နယ်၊
- (၁၄) တောင်ကုတ်မြို့နယ်။

( ဈ ) **ရှမ်းပြည်နယ်**
- (၁) နမ္မတူမြို့နယ်၊
- (၂) မဘိမ်းမြို့နယ်၊
- (၃) ကွတ်ခိုင်မြို့နယ်၊
- (၄) နမ့်ခမ်းမြို့နယ်၊
- (၅) သိန္နီမြို့နယ်၊
- (၆) ကွမ်းလုံမြို့နယ်၊
- (၇) နမ့်ဆန်မြို့နယ်၊
- (၈) မန်တုံမြို့နယ်၊
- (၉) ဟိုပန်မြို့နယ်၊
- (၁၀) လောက်ကိုင်မြို့နယ်၊
- (၁၁) ကုန်းကြမ်းမြို့နယ်၊
- (၁၂) မိုးမိတ်မြို့နယ်၊
- (၁၃) ကျောက်မဲမြို့နယ်၊
- (၁၄) သီပေါမြို့နယ်၊
- (၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

---

☆ **ကျောဖုံးမှအဆက်**

| | | |
|---|---|---|
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသား<br>လူမျိုးများရေးရာဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒေါက်တာဝါဝါမောင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | ဒေါက်တာသီတာဦး |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဦးမောင်မောင်အုန်း |
| (၁၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးတင်ဦးလွင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမင်းနောင် |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဦးလှမိုး |
| (၁၈) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | ဦးခင်မောင်ရီ |
| (၁၉) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးညဏ်ထွန်း |
| (၂၀) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးကိုကိုလွင် |
| (၂၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒေါက်တာချာလီသန်း |
| (၂၂) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဦးမြင့်ကြိုင် |
| (၂၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | ဦးအောင်ကျော်ဟိုး |
| (၂၄) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်<br>ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဦးချစ်ဆွေ |
| (၂၅) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒေါက်တာမျိုးသိန်းကျော် |
| (၂၆) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာသက်ခိုင်ဝင်း |
| (၂၇) | ပြည်ထောင်စုဝန်ကြီး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | Jeng Phang နော်တောင် |
| (၂၈) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးမျိုးသန့် |
| (၂၉) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒေါက်တာစိုးဝင်း |
| (၃၀) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးနေလင်း |

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

## နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်အား ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၁/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့်အမိန့်အား ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ နှင့် ၄၁၈ အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိပြီးဖြစ်သဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ရက်စွဲပါအမိန့်အမှတ် ၁/၂၀၂၁ ကို ပယ်ဖျက်လိုက်သည်။

ပုံ

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ(တာဝန်)**

## စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း**

**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၂/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်(၁ / ၂၀၂၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

ပုံ

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ(တာဝန်)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၂/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးအောင်လင်းဒွေး | အမှုဆောင်ချုပ် |
| (၂) | ဗိုလ်ချုပ်ကြီးရဲဝင်းဦး | တွဲဖက်အမှုဆောင်ချုပ် |

ပုံ

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ(တာဝန်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၅/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### ပြည်ထောင်စုအစိုးရအဖွဲ့ ဖြည့်စွက်ဖွဲ့စည်းခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာချောချောစိန်၊ ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာနအား ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

ပုံ

**မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ယာယီသမ္မတ(တာဝန်)**

## ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**

**အမိန့်အမှတ် ၁/၂၀၂၅**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

### ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

**အမျိုးသားကာကွယ်ရေးနှင့်**

**လုံခြုံရေးကောင်စီရုံး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၃၁

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

## ထူးခြားသည့် နေ့အပူချိန်များ

(၃၁-၇-၂၀၂၅)

**ချောက်**

၃၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ်

**ညောင်ဦး**

၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်

**မုံရွာ**

၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်

**မြင်းခြံ**

၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

**ပခုက္ကူ**

၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

**မော်လိုက်**

၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/ ၂၀၂၅ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/ ၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်စွဲပါ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၅၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁/ ၂၀၂၅ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေး အမိန့်အမှတ် ၁/၂၀၂၅တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး နှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာ ကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်း ခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များ ကို သက်ဆိုင်ရာ တိုင်းမှူးတို့၏ ကွပ်ကဲမှုအရဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန် ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိ ကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်း ကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့် သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင် ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** သက်ဆိုင်ရာတိုင်းမှူးတို့ သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာ မှုခင်းများကို တည်ဆဲဥပဒေအရဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှု ဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင် နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
(ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့် ထောင်ဒဏ်၊
(ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ် ထားသော အမြင့်ဆုံးပြစ်ဒဏ်။
(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ် ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၏အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူးတို့၏ အတည် ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်း နှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင် ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုး အစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။
(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သောဆုံးဖြတ် ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံ ပိုင်ခွင့် မရှိစေရ။
(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် နေ့မှ ၁၅ ရက်အတွင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ် ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာ တိုင်းမှူးထံသို့လည်း ကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာ တိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင် ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
(ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
(ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုး အစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။
(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက် အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည်မိမိ၏ တာဝန်ဝတ္တရားများကိုဆောင် ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့်စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကိုအကြည်ညိုပျက်အောင်ပြုလုပ်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက် မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ် စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရ ပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ် စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်း ချက်များ)အက်ဥပဒေအရ ပြစ်မှုများ။
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြစ်မှုများ၊

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၂ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၃ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၂၈ တို့အရ အောက်ပါပုဂ္ဂိုလ်များ အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးသန်းစိုး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်မိုးမြင့် | အဖွဲ့ဝင် |
| (၃) | ဦးအောင်လွင်ဦး | အဖွဲ့ဝင် |
| (၄) | ဦးအောင်စောဝင်း | အဖွဲ့ဝင် |
| (၅) | ဦးမြင့်ဦး | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ဦး | အဖွဲ့ဝင် |
| (၇) | ဦးမြင့်သိန်း | အဖွဲ့ဝင် |
| (၈) | ဦးကိုကိုလွင် | အဖွဲ့ဝင် |
| (၉) | ဦးသန်းအောင်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးခင်ဇော် | အဖွဲ့ဝင် |
| (၁၁) | ဦးမျိုးလှိုင် | အဖွဲ့ဝင် |
| (၁၂) | ဦးသန်းထွတ်သိန်း | အဖွဲ့ဝင် |
| (၁၃) | ဦးတင်ဆွေဝင်း | အဖွဲ့ဝင် |
| (၁၄) | ဦးအောင်မြင့်လွင် | အဖွဲ့ဝင် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် တိုင်းမှူးများသို့ အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၁ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ် ၁ /၂၀၂၅ ကို ထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ပါဝင်သော ယင်းဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်ပါ မြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာတိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်သည်။

ပုံ
**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၄ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ရုံး၊ ဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးခင်လတ် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး |
| (၂) | ဦးထင်ကျော်သူ | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| (၃) | ဦးအောင်ကျော်ထွန်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၄) | ဦးအောင်မြင့် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဗိုလ်ချုပ်ကိုလေး | ကာကွယ်ရေးဝန်ကြီးဌာန |
| (၆) | ဗိုလ်ချုပ်အောင်ကျော်ကျော် | ပြည်ထဲရေးဝန်ကြီးဌာန |
| (၇) | ဒေါ်သန်းသန်းလင်း | ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန |
| (၈) | ဦးနိုင်မင်းကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၉) | ဦးကိုကိုကျော် | နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၁၀) | ဗိုလ်ချုပ်ဖြိုးသန့် | နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၁၁) | ဦးဟန်ဝင်းအောင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၁၂) | ဦးရဲတင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၃) | ဗိုလ်ချုပ်ဇော်မင်းထွန်း | ပြန်ကြားရေးဝန်ကြီးဌာန |
| (၁၄) | ဦးအေးထွန်း | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၅) | ဒေါ်နုမြဖ် | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၁၆) | ဒေါက်တာအောင်ကြီး | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၇) | ဒေါက်တာတင်ထွဋ် | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၈) | ဦးဗိုလ်ဗိုလ်ကျော် | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၁၉) | ဦးမင်းသူ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၂၀) | ဦးအေးကျော် | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| (၂၁) | ဦးသန့်စင် | စွမ်းအင်ဝန်ကြီးဌာန |
| (၂၂) | ဦးငွေးလှိုင် | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂၃) | ဦးဝင်းရှိန် | အလုပ်သမားဝန်ကြီးဌာန |
| (၂၄) | ဦးမင်းမင်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၅) | ဦးကျော်ရွှေထွန်း | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂၆) | ဒေါက်တာဇော်မြင့် | ပညာရေးဝန်ကြီးဌာန |
| (၂၇) | ဦးနေမျိုးလှိုင် | ပညာရေးဝန်ကြီးဌာန |
| (၂၈) | ဒေါက်တာအောင်ဇေယျ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန |
| (၂၉) | ဒေါက်တာ အေးထွန်း | ကျန်းမာရေးဝန်ကြီးဌာန |
| (၃၀) | ဦးဇင်မင်းထက် | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၁) | ဦးထိန်လင်း | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| (၃၂) | ဦးမျိုးမြင့် | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (၃၃) | ဒေါက်တာ သန်းစိုး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| (၃၄) | ဦးဖြိုးဇော်စိုး | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| (၃၅) | ဦးဇော်အေးမောင် | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အတွင်းရေးမှူးချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၅ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါက်တာထိန်လင်းဦးအား ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အတွင်းရေးမှူးချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၆ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာခင်နိုင်ဦး | ပြည်ထောင်စုစာရင်းစစ်ချုပ် |
| (၂) | ဒေါ်နိုင်သက်ဦး | ဒုတိယစာရင်းစစ်ချုပ် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အတွင်းရေးမှူးချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၇ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးစိုးမင်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးဆန်းမြင့် | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်မျိုးမြင့် | အဖွဲ့ဝင် |
| (၄) | ဦးရဲနိုင် | အဖွဲ့ဝင် |
| (၅) | ဦးစိုးတင့် | အဖွဲ့ဝင် |
| (၆) | ဦးကျော်မျိုးထွဋ် | အဖွဲ့ဝင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အတွင်းရေးမှူးချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၈ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ အောက်ပါပုဂ္ဂိုလ်များအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးလှွင်ဦး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ဝင်းသိန်း | အဖွဲ့ဝင် |
| (၃) | ဒေါ်ကြူကြူဝင်း | အဖွဲ့ဝင် |
| (၄) | ဒေါက်တာထွန်းထွန်းဦး | အဖွဲ့ဝင် |
| (၅) | ဦးတိုးရီ | အဖွဲ့ဝင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အတွင်းရေးမှူးချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

**လျှပ်စစ်မီတာခ သက်သာဖို့**
**LED ပစ္စည်း သုံးကြစို့။**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၉ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်**
**ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်မြင့်နိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဒေါက်တာလင်းအောင် | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးသက်ထွန်းအောင် | ဒုတိယဥက္ကဋ္ဌ |
| (၅) | ဒေါက်တာရီအေး | ဒါရိုက်တာအဖွဲ့ဝင် |
| (၆) | ဦးတင်မြင့် | ဒါရိုက်တာအဖွဲ့ဝင် |
| (၇) | ဒေါက်တာလှညွန့် | ဒါရိုက်တာအဖွဲ့ဝင် |
| (၈) | ဒေါက်တာဇော်ဦး | ဒါရိုက်တာအဖွဲ့ဝင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၀ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏**
**ဗဟိုအကြံပေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ အောက်ပါပုဂ္ဂိုလ်များအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| ( ၁ ) | ဦးစောထွန်းအောင်မြင့် | အဖွဲ့ခေါင်းဆောင် |
| ( ၂ ) | ဦးသိန်းညွန့် | အဖွဲ့ဝင် |
| ( ၃ ) | ဦးခင်မောင်ဆွေ | အဖွဲ့ဝင် |
| ( ၄ ) | ဒေါ်အေးနုစိန် | အဖွဲ့ဝင် |
| ( ၅ ) | စောဒန်နီယယ် | အဖွဲ့ဝင် |
| ( ၆ ) | ဒေါက်တာဗညားအောင်မိုး | အဖွဲ့ဝင် |
| ( ၇ ) | ဒေါက်တာမောင်မောင်နိုင် | အဖွဲ့ဝင် |
| ( ၈ ) | ဦးရွှေကြိမ်း | အဖွဲ့ဝင် |
| ( ၉ ) | ဦးရန်ကျော် | အဖွဲ့ဝင် |
| (၁၀) | ဦးဝဏ္ဏမောင်လွင် | အဖွဲ့ဝင် |
| (၁၁) | မန်းငြိမ်းမောင် | အဖွဲ့ဝင် |
| (၁၂) | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် |
| (၁၃) | ပိုးရယ်အောင်သိန်း | အဖွဲ့ဝင် |
| (၁၄) | ဒေါက်တာမှုထန် | အဖွဲ့ဝင် |
| (၁၅) | ခွန်စံလွင် | အဖွဲ့ဝင် |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၁ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်**
**အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၂ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း၇ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ်**
**ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ**
**စီရင်စုဦးစီးအဖွဲ့များ ဖွဲ့စည်းခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းထားသည့် အောက်ဖော်ပြပါ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဆက်လက်ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

၁။ နေပြည်တော်ကောင်စီ
၂။ ကချင်ပြည်နယ်အစိုးရအဖွဲ့
၃။ ကယားပြည်နယ်အစိုးရအဖွဲ့
၄။ ကရင်ပြည်နယ်အစိုးရအဖွဲ့
၅။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
၆။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၇။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
၈။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
၉။ ရှမ်းပြည်နယ်အစိုးရအဖွဲ့
၁၀။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၁။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၂။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၃။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၄။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
၁၅။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၃/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

**၁။ ချင်းပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၃၀၁၈၄ ဗိုလ်မှူးကြီးခင်မောင်ထွေး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး |
| (ဃ) | ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ( င ) | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး |

**၂။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးမြတ်ကျော် | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၂၄၉၉၃ ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး |
| ( င ) | ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး |
| ( စ ) | ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |

**၃။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၂၉၁၇၃ ဗိုလ်မှူးကြီးညီလန်းချို | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး |
| ( င ) | ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး |
| ( စ ) | ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဆ) | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး |

**၄။ မွန်ပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးအောင်ကြည်သိန်း | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၂၆၈၂၉ ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | နိုင်လယိတမ(ခ)နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဒေါက်တာအောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး |
| ( င ) | ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ( စ ) | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး |

**၅။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးထိန်လင်း | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး |
| ( င ) | ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ( စ ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး |

**၆။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

| | | |
|---|---|---|
| (က) | ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် |
| ( ခ ) | ကြည်း ၃၀၁၀၇ ဗိုလ်မှူးကြီးခန့်မွန်ဆွေ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ( ဂ ) | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး |
| (ဃ) | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး |
| ( င ) | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၄ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ) အရ ဆက်လက်ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၅ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရဖွဲ့စည်းခန့်အပ် တာဝန်ပေးထားသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဆက်လက်ဖွဲ့စည်းခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့်**
**လုံခြုံရေးကောင်စီရုံး**

## ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**
**အမိန့်အမှတ် ၁၆ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)
**ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ခန့်အပ်တာဝန်ပေးထားသည့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ခရိုင်တွင် ခရိုင်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ခရိုင်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း၊ မြို့နယ်တွင် မြို့နယ်ဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေအရာရှိတို့ကို ဖြည့်စွက်၍လည်းကောင်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများအဖြစ် ဆက်လက်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး**

## ၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ၆ လမ်းနှင့် ၇ လမ်းကြား ၇၄(B) လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၅-၇-၂၀၂၅ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မျိုးဆက်သစ်ဝံသာနုပါတီ၏ အလံပုံစံ**



**မျိုးဆက်သစ်ဝံသာနုပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်အား ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနှင့်ထိုင်းလေတပ် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၉ ရက်တွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ကာကွယ်ရေး ဦးစီးချုပ်(လေ) ခေါင်းဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က ကြိုဆိုခဲ့သည်။ထို့နောက် ထိုင်းဘုရင့်လေတပ်ဌာနချုပ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် Bilateral Engagement Activities ဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်။ ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် Air Technical Training School သို့သွားရောက်ခဲ့ရာ Director of Education and Training နှင့်Air Technical Training School ကျောင်းအုပ်ကြီးတို့က တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး တာဝန်ရှိသူတစ်ဦးက သင်တန်းကျောင်း၏သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းကျောင်းအတွင်းရှိ Aircraft Maintenance Simulation Center နှင့် RTAF Museum သို့သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)



ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် Air Technical Training School သို့ သွားရောက် လေ့လာစဉ်။

# နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၈၁၉ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံခြင်းများကိုဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့်ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။




နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိစဉ်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၄ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်








တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲများကျင်းပစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ (Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nation-alism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Sprit)၊ ရဲဘော်ရဲဘက်စိတ်(esprit decorps)အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

“ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှာ ကျွန်တော်ရရှိခဲ့တဲ့ဆုကတော့ စံပြတပ်သားဆုပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းပြတွေ သင်ကြားပေးတဲ့




ပညာရပ်တွေကို သေချာလိုက်မှတ်တယ်။ ကြိုးစားအားထုတ်ပြီး လိုက်ပါလုပ်ဆောင်လို့ အခုလိုဆုရရှိခဲ့တယ်လို့ ထင်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်ကို ကာကွယ်ချင်တဲ့စိတ်နဲ့ ဝင်လာခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)သင်တန်းကျောင်းဆင်းသွားပြီးနောက် ကျွန်တော်ရောက်ရှိမယ့် မိခင်တပ်ရင်းကိုရောက်ရင် ပေးအပ်တဲ့တာဝန်နဲ့ အမိန့်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမယ်လို့ခံယူထားပါတယ်။ ကျွန်တော်တို့လို လူငယ်တွေက တိုင်းပြည်နဲ့လူမျိုးအတွက် ကာကွယ်ဖို့ ကျွန်တော်တို့လူငယ်တိုင်းမှာ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်” ဟု ပြောသည်။

“သင်တန်းမတက်ခင်ကတော့ ကျွန်တော်နေချင်သလိုနေခဲ့တယ်။ အပြင်မှာ အရပ်သားဘဝဆိုတော့လည်း လွတ်လွတ်လပ်လပ်နေခဲ့တာပေါ့။ အခုလို တပ်မတော်သားတစ်ယောက် ဖြစ်လာတဲ့အချိန်ကျတော့လည်း စည်းနဲ့၊ ကမ်းနဲ့ ကျွန်တော်နေတတ်သွားပါတယ်။ အိပ်တာစားတာက အစ စည်းကမ်းတကျ နေတတ်ထိုင်တတ်သွားပါတယ်။ တတ်မြောက်ထားတဲ့ပညာတွေနဲ့ နိုင်ငံနဲ့ လူမျိုးအပေါ် ကျွန်တော်ကျရာအခန်းကဏ္ဍမှာ ကြိုးစားပြီး ကာကွယ် စောင့်ရှောက်သွားပါမယ်လို့ ပြောချင်ပါတယ်။ နိုင်ငံသားတိုင်း မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ်ဆိုတဲ့




ဥပဒေဆိုတော့ ကျွန်တော်က မြန်မာနိုင်ငံသားဖြစ်တော့လည်း နိုင်ငံတော်ကို ကာကွယ်ရမယ့်တာဝန်ကို မလွဲမသွေ ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ဂုဏ်ယူဝင့်ကြွားစွာနဲ့ပဲ ကျွန်တော်အလှည့်ကျတဲ့အချိန်မှာ ဒီပြည်သူ့စစ်မှုထမ်းတာဝန်ကို မငြင်းဆန်ဘဲ ထမ်းဆောင်ခြင်းဖြစ်ပါတယ် ” ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာသော ရုရှားနှင့် မြောက်ကိုရီးယား

**ဝင်းဇင်(သုတေသန)**



ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူသည် သုံးလအတွင်း မြောက်ကိုရီးယားသို့ သုံးကြိမ်ထိသွားရောက်လည်ပတ်ခဲ့သဖြင့် ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံသည် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။ ချစ်ကြည်ရေးခရီးစဉ်များအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရုရှားကိုယ်စားလှယ်အဖွဲ့ကို ၎င်း၏ရုံးခန်း၌ လက်ခံတွေ့ဆုံခဲ့ပြီး ရုရှားနိုင်ငံကို ခြွင်းချက်မရှိထောက်ခံကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသတင်းမီဒီယာသည် အစည်းအဝေးများနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ပြခြင်းမရှိသော်လည်း ရုရှားမီဒီယာများကမူ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ခါ့စ်ခ်အော့ဘလတ်တွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ အကူအညီပေးရန် အင်ဂျင်နီယာတပ်ဖွဲ့ဝင် ၆၀၀၀ စေလွှတ်သွားမည်ဟု သဘောတူညီခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါအစည်းအဝေးများ၌ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ ရုရှားတာဝန်ရှိသူများ တက်ရောက်ခဲ့သော်လည်း ကင်ဂျုံအန်အနေဖြင့် သူ၏နောက်တွင် စကားပြန်တစ်ဦးသာ ပါရှိခြင်းပင်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံကို ပံ့ပိုးခြင်းအတွက် အပြန်အလှန်အားဖြင့် သိသာထင်ရှားသော တုံ့ပြန်ကူညီမှုများရရှိနေသည်မှာ သံသယဝင်စရာမလိုအပ်ပေ။ ကင်ဂျုံအန်အနေဖြင့် ရုရှားနှင့်ဆက်ဆံရေးကို ပုဂ္ဂိုလ်ရေးအရ ထိန်းသိမ်းဆောင်ရွက်နိုင်ကြောင်း ပြသသွားလိုသည့်သဘော ရှိနေသည်။

ယခုနှစ် မေ ၉ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် ၈၀ ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်ခဲ့သည်။ ထိုအခမ်းအနားသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့ကြသော်လည်း ကင်ဂျုံအန်သည် တက်ရောက်ခဲ့ခြင်းမရှိပေ။ ထိုသို့မတက်ရောက်ခြင်းသည် ရုရှားနိုင်ငံကို အရေးမစိုက်ခြင်းမဟုတ်ဘဲ မြောက်ကိုရီးယားနိုင်ငံသည် လက်နက်များပံ့ပိုးသကဲ့သို့ တပ်ဖွဲ့ဝင်များစေလွှတ်လျက် ရုရှားနိုင်ငံနှင့် မဟာမိတ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ ကင်ဂျုံအန်၏ အခမ်းအနားမတက်ရောက်မှုက ၎င်း၏ဆက်ဆံရေးသည် အခြားသောနိုင်ငံများနှင့် မတူကွဲပြားသည့် အမှတ်သင်္ကေတကို ထင်ဟပ်စေလျက်ရှိသည်။

ကင်ဂျုံအန်သည် နိုင်ငံပေါင်းစုံပါဝင်သောအစည်းအဝေးကို မည်သည့်အခါကမျှ ပါဝင်တက်ရောက်ခြင်းမရှိခဲ့ပေ။ သို့သော် ၂၀၁၉ ခုနှစ် ဇွန်လတွင် ပန်မွန်ဂျွန်၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းကို တစ်ခဏတာမျှ လက်ခံတွေ့ဆုံခဲ့သည်။ ကင်ဂျုံအန်သည် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအပြင် အခြားကမ္ဘာ့ခေါင်းဆောင်များကဲ့သို့ အပြုအမူမျိုးကို ရှောင်ရှားသွားလိုသော ဆန္ဒရှိနေသည်။

စင်စစ်အားဖြင့် ကင်ဂျုံအန်သည် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့၌ နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟေး၊ ပါတီအတွင်းရေးမှူး ဂျိုယွန်ဝန်း၊ ကာကွယ်ရေးဝန်ကြီး နိုကောင်ချိုးတို့လိုက်ပါလျက် ပြုံယမ်းမြို့ ရုရှားသံရုံးသို့သွားရောက်ခဲ့သည်။ ကင်ဂျုံအန်သည် ရုရှားသံရုံးသို့ရောက်ရှိစဉ် သမ္မတပူတင်ကို အင်အားကြီးနိုင်ငံ၏ ခေါင်းဆောင်အဖြစ် ထုတ်ဖော်ချီးကျူးခဲ့ပြီး အရင်းနှီးဆုံးမိတ်ဆွေနှင့် ရဲဘော်ရဲဘက်ဖြစ်ကြောင်း၊ မြောက်ကိုရီးယား-ရုရှားဆက်ဆံရေးသည် သွေးချင်းမဟာမိတ်များဖြစ်ပြီး နှစ်နိုင်ငံသည် ညီအစ်ကိုနိုင်ငံများဖြစ်ကြောင်း ရည်ညွှန်းပြောဆိုသွားခဲ့သည်။

မူလက သွေးချင်းမဟာမိတ်ဆိုသော စကားရပ်သည် တရုတ်နှင့်မြောက်ကိုရီးယားတို့၏ ဆက်ဆံရေးကို ရည်ညွှန်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်နိုင်ငံသည် ကိုရီးယားစစ်ပွဲ၌ အတူတကွ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ရုရှားနှင့် ဆက်ဆံရေးကို သွေးချင်းမဟာမိတ်ဟု ဖော်ပြခြင်းသည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ ညီအစ်ကိုနိုင်ငံများစကားရပ်ကို တရုတ်-မြောက်ကိုရီးယားဆက်ဆံရေး၌ တစ်ခါမျှ အသုံးပြုခဲ့ခြင်းမရှိပေ။ ထို့ပြင် ကင်ဂျုံအန်သည် ပြုံယမ်းမြို့ရှိ ပြည်ပသံရုံးတစ်ခုသို့ သွားရောက်လည်ပတ်ခဲ့ခြင်းသည် ယခုအကြိမ်မှာ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

ယခုနှစ် ဇူလိုင်လတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလတ်ရော့ဗ်သည် မြောက်ကိုရီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ရုရှား လွှတ်တော်ဥက္ကဋ္ဌ ဗီချယ်လတ်ဗိုလိုဒင်သည်လည်း ယခုနှစ် ဩဂုတ်လတွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် အစီအစဉ်ရေးဆွဲထားရှိသည်။ ထို့နောက် အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒီမစ်ထရီမက်ဒီဗက်သည်လည်း ယခုနှစ် အောက်တိုဘာလတွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားရှိသည်။ ထိုအတောအတွင်း တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန် အလည်အပတ်ခရီးစဉ်များမရှိသဖြင့် နှစ်နိုင်ငံကြား ဆက်ဆံရေးဝေးကွာလာလျက်ရှိသည်။

ရုရှား - ယူကရိန်းပဋိပက္ခသည် ကိုရီးယားကျွန်းဆွယ် အခြေအနေဆိုင်ရာ အပြောင်းအလဲဖြစ်လာလျက်ရှိသည်။ ပဋိပက္ခရှည်ကြာလာသည်နှင့်အမျှ တစ်ချိန်က မြောက်ကိုရီးယားနိုင်ငံကို သတိမမူမိခဲ့သော ရုရှားနိုင်ငံသည် လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံကို မဟာဗျူဟာမြောက် အုပ်ချုပ်ပံ့ပိုးမှုအခြေစိုက်အဖြစ် သဘောထားလျက်ရှိပြီး စစ်လက်နက်နှင့် တပ်ဖွဲ့ဝင်များစေလွှတ်ပေးမှုအတွက် အပြန်အလှန်အားဖြင့် နိုင်ငံခြားငွေများစွာ ပံ့ပိုးပေးလျက်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို လျစ်လျူရှုနေသကဲ့သို့ မြောက်ကိုရီးယားအနေဖြင့်လည်း ရုရှားနှင့်ရင်းနှီးသောဆက်ဆံရေးထူထောင်မှုကြောင့် အင်အားတောင့်တင်းလာလျက်ရှိပြီး တရုတ်နှင့်ဆက်ဆံရေးပင် ဝေးကွာလာလျက်ရှိသည်။

မြောက်ကိုရီးယား၏ အဆင့်အတန်းသည် အာရှ၏အဆင်းရဲဆုံးနိုင်ငံဖြစ်သောကြောင့် ရုရှားနိုင်ငံထံမှ နိုင်ငံခြားငွေကြေးများရရှိခြင်းသည် တိုင်းပြည်စီးပွားရေး ပြန်လည်ရှင်သန်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ လက်နက်စက်ရုံများသို့ ကင်ဂျုံအန်၏ အကြိမ်ကြိမ် သွားရောက်စစ်ဆေးမှုများနှင့် လက်နက်တိုးချဲ့ထုတ်လုပ်ရန် ညွှန်ကြားချက်များသည် စစ်ပွဲလိုအပ်ချက်မြင့်မားသလောက် လက်နက်ရောင်းချကာ ငွေကြေးရှာဖွေသွားလိုသောဆန္ဒကို ထင်ဟပ်စေလျက်ရှိသည်။

ရုရှားနိုင်ငံနှင့် မဟာမိတ်ဖွဲ့ခြင်းသည် မြောက်ကိုရီးယား၏ စီးပွားရေးကို အထောက်အကူပြုစေမည့်အပြင် တိုင်းပြည်၏ ဟန့်တားမှုစွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးနိုင်မည် ဖြစ်သည်။ ထို့ကြောင့် မြောက်ကိုရီးယားသည် အမေရိကန်နှင့် ဆွေးနွေးညှိနှိုင်းမှုများ အရေးပေါ်လုပ်ဆောင်သွားရန် မလိုအပ်သကဲ့သို့ မြောက်ကိုရီးယားနိုင်ငံသည် လိုက်လျောဆွေးနွေးမှုများ လုပ်ဆောင်ရန် မလိုအပ်တော့ပေ။ စင်စစ်အားဖြင့် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆွေးနွေးပွဲများလုပ်ဆောင်ရန် ကမ်းလှမ်းလာမှုကိုသာ စောင့်ဆိုင်းရတော့မည်ဖြစ်ပြီး အမေရိကန်၏ နျူကလီးယားဖြုတ်သိမ်းရေးမူဝါဒစွန့်လွှတ်ချိန်ထိ စောင့်ဆိုင်းသွားနိုင်ပေသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် သဘောထားတင်းမာသည့် ဂျပန်နိုင်ငံ၏ ရှင်ဇိုအာဘေးအစိုးရနှင့် တောင်ကိုရီးယားနိုင်ငံ၏ ယွန်ဆွတ်ယိုး အစိုးရအဖွဲ့တို့သည် အတိတ်မှာသာကျန်ရှိခဲ့ပြီး ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ဆွေးနွေးညှိနှိုင်းမှုများသည် မြောက်ကိုရီးယားနိုင်ငံအတွက် ထူးခြားမှုသိပ်မရှိတော့ပေ။ မြောက်ကိုရီးယားအနေဖြင့် တောင်ကိုရီးယား၊ ဂျပန်တို့နှင့် ဆွေးနွေးခြင်းဖြင့် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ အရေးပါသောအရာများရှိလာနိုင်မည်မဟုတ်ချေ။

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် မြောက်ကိုရီးယား၏မူဝါဒနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာသေချာစေရန် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့သော်လည်း လက်ရှိအချိန်တွင် မြောက်ကိုရီးယားအပေါ် တရုတ်၏လွှမ်းမိုးမှုသည် တဖြည်းဖြည်းမှေးမှိန်လာလျက်ရှိသည်။ ရုရှားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ်နှင့် စပ်လျဉ်း၍ အဓိကဇာတ်ဆောင်အဖြစ် ပေါ်ထွက်လာပြီဖြစ်သည်။ လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုလောက်က မြောက်ကိုရီးယားနျူကလီးယားအစီအစဉ် စွန့်လွှတ်ရေးနှင့်စပ်လျဉ်း၍ အမေရိကန်-ရုရှား-တရုတ်-မြောက်ကိုရီးယား-တောင်ကိုရီးယား-ဂျပန်တို့ပါဝင်သည့် ခြောက်နိုင်ငံဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ တရုတ်နိုင်ငံသည် ဆွေးနွေးပွဲ သဘာပတိအဖြစ် တက်ရောက်ခဲ့ဖူးသည်။ သို့သော် ရုရှားသည် မြောက်ကိုရီးယားနှင့် ဂျပန်-တောင်ကိုရီးယား-အမေရိကန်တို့ကြားဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ရေးအတွက် ကြားဝင်ဆောင်ရွက်သွားလိုသော ဆန္ဒမရှိပေ။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံမှ အဆင့်မြင့်ပုဂ္ဂိုလ်များသည် မြောက်ကိုရီးယားနိုင်ငံသို့ ခပ်စိပ်စိပ်သွားရောက်လည်ပတ်မှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လာလျက်ရှိသည်။ အထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို စစ်လက်နက်များပံ့ပိုးပြီး တပ်ဖွဲ့ဝင်များ စေလွှတ်ပေးလျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားကို နိုင်ငံခြားငွေနှင့်နည်းပညာများ ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် ရုရှားနိုင်ငံနှင့် နီးကပ်သောဆက်ဆံရေး ထူထောင်လာသည့် မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ်၌ အင်အားပိုမိုတောင့်တင်းခိုင်မာလာနေပြီဖြစ်ပေသည်။

**❖ မြောက်ကိုရီးယား၏ အဆင့်အတန်းသည် အာရှ၏ အဆင်းရဲဆုံးနိုင်ငံဖြစ်သောကြောင့် ရုရှားနိုင်ငံထံမှ နိုင်ငံခြားငွေကြေးများရရှိခြင်းသည် တိုင်းပြည်စီးပွားရေး ပြန်လည်ရှင်သန်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ လက်နက်စက်ရုံများသို့ ကင်ဂျုံအန်၏ အကြိမ်ကြိမ်သွားရောက်စစ်ဆေးမှုများနှင့် လက်နက်တိုးချဲ့ထုတ်လုပ်ရန် ညွှန်ကြားချက်များသည် စစ်ပွဲလိုအပ်ချက်မြင့်မားသလောက် လက်နက်ရောင်းချကာ ငွေကြေးရှာဖွေသွားလိုသော ဆန္ဒကို ထင်ဟပ်စေလျက်ရှိသည်။ ရုရှားနိုင်ငံနှင့် မဟာမိတ်ဖွဲ့ခြင်းသည် မြောက်ကိုရီးယား၏ စီးပွားရေးကို အထောက်အကူပြုစေမည့် အပြင် တိုင်းပြည်၏ ဟန့်တားမှုစွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ❖**

**ကိုးကား**

-The Growing Embrace of Russia and North Korea By The Diplomat.

# ရုရှားနိုင်ငံအရှေ့ဖျားရှိ Klyuchevskoy မီးတောင် လျှင်လှုပ်ခတ်ပြီးနောက် စတင်ပေါက်ကွဲမှုဖြစ်ပွား



**မော်စကို ဇူလိုင် ၃၁**

ရုရှားနိုင်ငံ အရှေ့ဖျားရှိ Kly-uchevskoy မီးတောင်သည် ဇူလိုင် ၃၀ ရက်က ငလျင်လှုပ်ခတ်ပြီးနောက် စတင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရုရှားနိုင်ငံ Kamchatka ကျွန်းဆွယ်ရှိ Klyuchevskoy မီးတောင်သည် ပစိဖိတ်ဒေသတွင် ၈ ဒသမ ၈ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် စတင်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဘူမိဗေဒစောင့်ကြည့်ရေးဌာနက ထုတ်ပြန်ခဲ့သည်။

ရုရှားသိပ္ပံအကယ်ဒမီ United Geophysical Service ဌာန၏ ထုတ်ပြန်ချက်အရ Klyuchevskoy မီးတောင် ပေါက်ကွဲပြီးနောက် တောင်၏ အနောက်ဘက်ကုန်းစောင်းတွင် ချော်ရည်ပူများစီးဆင်းနေသည်ကို တွေ့ရှိရကြောင်း၊ မီးတောင်အထက်တွင်လည်း အားကောင်းစွာဖြင့် ပေါက်ကွဲမှုများဖြစ်ပေါ်ကာ ချော်ရည်နှင့် ပြာများ ကောင်းကင်တစ်ခွင် ပျံ့လွင့်နေကြောင်း သိရသည်။

Klyuchevskoy မီးတောင်သည် Petropavlovsk – Kam-chatskoy မြို့၏ မြောက်ဘက် ကီလိုမီတာ ၄၅၀ အကွာတွင်တည်ရှိပြီး အမြင့်ဆုံးမီးတောင်များထဲက တစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ အကြီးအကျယ် မပေါက်ကွဲမီ ပေါက်ကွဲမှုအသေးစားများ အကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ဇူလိုင် ၃၀ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုကြောင့် ယခုကဲ့သို့ နောက်ဆက်တွဲ မီးတောင်ပေါက်ကွဲမှုဖြစ်လာရခြင်းဖြစ်ကြောင်း၊ လက်ရှိ ရုရှားနိုင်ငံတွင် ငလျင်ကြောင့် အဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကယ်လီဖိုးနီးယား တောမီးရန်ပုံငွေ တိုးမြှင့်နိုင်ရေး စတင်ဆောင်ရွက်နေကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၃၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု မကြာခဏဖြစ်ပေါ်နေပြီး တောမီးငြိမ်းသတ်ရေး အထောက်အကူပြု ပစ္စည်းများကို ဖြည့်တင်းနိုင်ရန် လိုအပ်နေသည့်အတွက်ကြောင့် ကယ်လီဖိုးနီးယား တောမီးရန်ပုံငွေကို တိုးမြှင့်နိုင်ရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကယ်လီဖိုးနီးယား တောမီးရန်ပုံငွေကို ၂၀၁၉ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံဖြင့် မတည်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းကိရိယာများကို နှစ်စဉ် ဖြည့်တင်းခဲ့သော်လည်း လုံလောက်မှုမရှိသေးသည့် အခြေအနေဖြစ်ကြောင်း၊ ထို့ပြင် တောမီးနှင့်ဆက်စပ်ပြီး ကြိုတင်ကာကွယ်ရေး အစီအစဉ်များကိုလည်း ရန်ပုံငွေဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ရန်ပုံငွေ လျော့နည်းလာခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံထိ ရန်ပုံငွေကို ပြန်လည်ဖြည့်တင်းရန် စီစဉ်လာခြင်းဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးအန္တရာယ်ကို မကြာခဏရင်ဆိုင်နေရပြီးတော့ တောမီးလောင်ကျွမ်းတိုင်းလဲ ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေရတယ်။ တောမီးလောင်ကျွမ်းစဉ် တောမီးကို အချိန်မီမထိန်းချုပ်နိုင်တဲ့အတွက် ပျက်စီးဆုံးရှုံးမှုများပြားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တောမီးငြိမ်းသတ်ရေးအထောက်အကူပြု ပစ္စည်းကိရိယာတွေကို အဆင့်မြှင့်တင် ဝယ်ယူဖြည့်တင်းနိုင်ဖို့ ဆောင်ရွက်သွားမယ်" ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဩစတြေးလျနိုင်ငံက သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်နိုင်ရေး အရှိန်မြှင့်တင်သွားမည်

**ကင်ဘာရာ ဇူလိုင် ၃၁**

ဩစတြေးလျနိုင်ငံသည် သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်နိုင်ရေးအရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ဩစတြေးလျစွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၃၀ ရက် သတင်းများတွင် ဖော်ပြထားသည်။



ဩစတြေးလျစွမ်းအင်ဝန်ကြီးဌာနက ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံ့စွမ်းအင်ပမာဏ၏ ၈၂ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှ ထုတ်ယူသုံးစွဲနိုင်ရန် ပစ်မှတ်ထားနေပြီး လက်ရှိဆောင်ရွက်နေမှုများမှာ ထိရောက်မှုမရှိသေးသည့် အခြေအနေကြောင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်နေကြောင်း ဩစတြေးလျ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ကြီး ခရစ်ဘိုဝင်က ပြောကြားခဲ့သည်။

"လက်ရှိ ကျွန်တော်တို့ အသုံးပြုနေတဲ့ ကျောက်မီးသွေးလောင်စာသုံး ဓာတ်အားပေးစက်ရုံတွေဟာ သက်တမ်းရင့်နေပြီဖြစ်သလို ပြုပြင်ထိန်းသိမ်းစရိတ်ကလဲ မြင့်မားပါတယ်။ ဒါ့ပြင် သဘာဝပတ်ဝန်းကျင်ကိုလဲ ထိခိုက်စေနိုင်တဲ့အတွက်ကြောင့် သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို မျိုးဆက်သစ်အနေနဲ့ အကောင်အထည်ဖော် ကြိုးစားဖို့ လိုအပ်နေတယ်။ စွမ်းအင်လိုအပ်ချက်လဲ မြင့်မားနေတဲ့အတွက် သန့်ရှင်းတဲ့ စွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်မှုကို အရှိန်မြှင့်တင်သွားမှာဖြစ်ပါတယ်"ဟု ဩစတြေးလျ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ကြီး ခရစ်ဘိုဝင်က ပြောကြားခဲ့သည်။

သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍ အကောင်အထည်ဖော်မှုကို အရှိန်မြှင့်တင် ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိက ကုမ္ပဏီများကိုလည်း တင်ဒါ ခေါ်ယူသွားမည်ဖြစ်ကြောင်း ဩစတြေးလျစွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# နယူးဒေလီမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးခဲ့ရ

**နယူးဒေလီ ဇူလိုင် ၃၁**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ နေရာအများအပြားတွင် ဇူလိုင် ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးခဲ့ရကြောင်း ဇူလိုင် ၃၀ ရက် သတင်းများအရ သိရသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် မြင်ကွင်းများဝေဝါးကာ လေယာဉ်ပျံသန်းရန် အဆင်မပြေခဲ့သဖြင့် ဒေလီလေဆိပ်တွင် လေကြောင်းခရီးစဉ်တချို့၏ အချိန်များရွှေ့ပြောင်းခဲ့သဖြင့် ခရီးစဉ်များနှောင့်နှေးခဲ့ရသည့်အပြင် တချို့ခရီးစဉ်များဖျက်သိမ်းခဲ့ရကြောင်း အိန္ဒိယနိုင်ငံ ပုဂ္ဂလိကလေကြောင်းလိုင်းကုမ္ပဏီများက ထုတ်ပြန်ခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အထူးသဖြင့် အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် ဒေလီတောင်ပိုင်းတို့ရှိ လမ်းတချို့ ရေများနစ်မြုပ်နေပြီး သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတချို့ ပြတ်တောက်ကာ မော်တော်ယာဉ် အသွားအလာပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း၊ ရှည်လျားသော ယာဉ်ကြောပိတ်ဆို့မှုများကြောင့် သွားလာရခက်ခဲကာ အချိန်ကြန့်ကြာမှုများကြောင့် ရုံးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ရုံးနှင့် ကျောင်းများသို့ အချိန်မီ ရောက်ရှိရန် ခက်ခဲနေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ



# အီတလီနိုင်ငံတွင် မြေပြိုကျမှုအန္တရာယ် ကြိုတင်သတိပေးချက် အချိန်မီထုတ်ပြန်နိုင်ရေး AI အကူအညီ ရယူသွားမည်

**ရောမ ဇူလိုင် ၃၁**

အီတလီနိုင်ငံသည် မြေပြိုကျမှုပြဿနာဖြင့် မကြာခဏရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပြီး မြေပြိုကျမှုကို အချိန်မီသိရှိနိုင်ရေးအတွက် ဉာဏ်ရည်တု(AI) နည်းပညာအကူအညီဖြင့် သတိပေးချက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Italian National Insti-tute for Environmental Prote-ction and Research(ISPRA) မှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ISPRA မှ သုတေသီများ၏ သုတေသနရလဒ်များအရ အနာဂတ်တွင်လည်း မြေပြိုကျမှုများ မကြာခဏ ရင်ဆိုင်လာရနိုင်သည့်အတွက်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်အတွက် မဖြစ်မနေ အချိန်မီသတိပေးချက် ထုတ်ပြန်နိုင်ရန် လိုအပ်နေကြောင်း သိရသည်။

"မြေပြိုကျမှုပြဿနာနဲ့ မကြာခဏရင်ဆိုင်နေရပြီး ပျက်စီးဆုံးရှုံးမှုတွေနဲ့လဲ ရင်ဆိုင်နေရပါတယ်။ လူ့အသက်ဆုံးရှုံးမှုတွေလဲ နှစ်စဉ် ရင်ဆိုင်နေရပါတယ်။ ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်နေရတာဟာ အချိန်မီသတိပေးချက် မထုတ်ပြန်နိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အချိန်မီသတိပေးချက်တွေ ထုတ်ပြန်နိုင်ဖို့အတွက် AI နည်းပညာအကူအညီ ရယူသွားမှာဖြစ်ပါတယ်။ နည်းပညာအကူအညီရဖို့အတွက်လဲ နည်းပညာရှင်တွေအနေနဲ့ စတင်စမ်းသပ် အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်"ဟု Italian National Institute for Environmental Protection and Research (ISPRA) မှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# စနေနေ့ညကစားမဲ့ အမျိုးသမီးကိုပါအမေရိကဖလား တတိယဗိုလ်လုပွဲစဉ်မှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ အာဂျင်တီးနားအမျိုးသမီးအသင်းပဲ အနိုင်ရမှာပါ



အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲကိုတော့ ၁၉၉၁ ခုနှစ်မှာ စတင်ကျင်းပခဲ့ပြီး စတင်ကျင်းပချိန် ပထမအကြိမ်နဲ့ ဒုတိယအကြိမ်မှာ ချန်ပီယံဆုဖလားရတဲ့အသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့် ရခဲ့တာဖြစ်ပါတယ်။ တတိယအကြိမ်မှာတော့ ဝင်ခွင့်နှစ်နေရာရလာခဲ့ပေမဲ့ ဒုတိယနေရာကအသင်းကတော့ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ကွန်ကာကပ်ဇုန်က အသင်းနဲ့ play-off ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းစတုတ္ထအကြိမ်ကနေ ဆဋ္ဌမအကြိမ်မှာတော့ ဗိုလ်လုပွဲတက်ရောက်ခဲ့တဲ့ နှစ်သင်းစလုံး ကမ္ဘာ့ဖလားတိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ သတ္တမအကြိမ်နဲ့ အဋ္ဌမအကြိမ်မှာတော့ အမျိုးသမီးကိုပါအမေရိကဖလားဗိုလ်လုပွဲတက်နိုင်ခဲ့တဲ့ နှစ်သင်းအပြင် တတိယနေရာရတဲ့ အသင်းတစ်သင်းကလဲ ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာအတွက် play-off ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။ ကိုးကြိမ်မြောက်နဲ့ နောက်ဆုံးကျင်းပခဲ့တဲ့ အခုအကြိမ်မြောက်မှာတော့ ဗိုလ်လုပွဲတက်ခဲ့တဲ့ နှစ်သင်းနဲ့တတိယနေရာရတဲ့ အသင်းသုံးသင်းစလုံး ကမ္ဘာ့ဖလားပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာတော့ ကွန်မီဘောအဖွဲ့ချုပ်အနေနဲ့ အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပရာကနေ နှစ်နှစ်တစ်ကြိမ်ပြောင်းလဲကျင်းပဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်း ၂၀၂၂ ခုနှစ်မှာ ကျင်းပနိုင်ခဲ့ပေမဲ့ ၂၀၂၄ ခုနှစ်မှာတော့ တောင်အမေရိကဇုန်အမျိုးသမီးကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်တွေရှိခဲ့တာကြောင့် အခုနှစ်မှသာ ထပ်မံကျင်းပနိုင်ခဲ့တာကို တွေ့ရမှာပါ။ စနေနေ့ညမှာတော့ အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲ တတိယဗိုလ်လုပွဲစဉ်ရှိနေတာဖြစ်ပြီး ဒီပွဲစဉ်မှာ အနိုင်ရတဲ့အသင်းကတော့ ၂၀၂၇ ခုနှစ်အမျိုးသမီးကမ္ဘာ့ဖလား တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ လက်ရှိပြိုင်ပွဲမှာတော့ ဆုဖလားအများဆုံးရယူနိုင်ခဲ့တဲ့ ဘရာဇီးအသင်းက ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး ကိုလံဘီယာအသင်းနဲ့ကစားရမှာကို တွေ့ရမှာပါ။ ၂၀၂၅ ခုနှစ်အမျိုးသမီးကိုပါအမေရိကဖလားပြိုင်ပွဲဟာ တောင်အမေရိကဇုန်က အမျိုးသမီးအသင်း ၁၀ သင်းကို အုပ်စုနှစ်ခုခွဲပြီး ကျင်းပခဲ့ပေမဲ့ အုပ်စုတစ်ခုကိုထိပ်ဆုံး အသင်းနှစ်သင်းက ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်မှာတော့ အုပ်စု (A) ပထမနေရာက အာဂျင်တီးနားအသင်းက အုပ်စု (B) ဒုတိယနေရာက ကိုလံဘီယာအသင်းနဲ့ကစားခဲ့ရပြီး အုပ်စု(A) ဒုတိယနေရာက ဥရုဂွေး အသင်းက အုပ်စု (B) ပထမနေရာကဘရာဇီးနဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ရှုံးခဲ့တာကြောင့် ဘရာဇီးအသင်းကို ရှုံးခဲ့တဲ့ ဥရုဂွေးအသင်းနဲ့ တတိယဗိုလ်လုပွဲကစားခဲ့ရတာကို တွေ့ရမှာပါ။

**အာဂျင်တီးနားအမျိုးသမီးအသင်းပဲ အနိုင်ရမှာပါ**

စနေနေ့ညအမျိုးသမီးကစားမဲ့ ကိုပါအမေရိကဖလား တတိယဗိုလ်လုပွဲမှာတော့ အာဂျင်တီးနားအသင်းနဲ့ ဥရုဂွေးအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းအုပ်စုအဆင့်ထိပ်တိုက်တွေ့ဆုံမှုမှာ အာဂျင်တီးနားအသင်းက တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိအာဂျင်တီးနားအမျိုးသမီးအသင်းဟာ တောင်အမေရိကဇုန်အမျိုးသမီးအသင်းတွေထဲမှာ ဘရာဇီးအသင်းနဲ့ ကိုလံဘီယာအသင်းတို့ပြီးရင် တတိယမြောက်အကောင်းဆုံးအသင်းဖြစ်သလို လက်ရှိကမ္ဘာ့အဆင့်မှာလဲ အဆင့် (၃၂) မှာ ရပ်တည်နေတဲ့ အသင်းဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာဥရုဂွေးအသင်းနဲ့ တွေ့ဆုံခဲ့လို့အကြိတ်အနယ်ရှိခဲ့ပေမဲ့ အသင်းလိုက်စုဖွဲ့မှုကောင်းတာကြောင့် ဥရုဂွေးအသင်းကို ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်မှာတော့ ကစားပုံ မာကျောတဲ့ ချီလီအသင်းနဲ့ကစားခဲ့ရတာကြောင့် ပထမပိုင်းပွဲအစမှာ ချီလီအသင်းရဲ့ ဖိအားပေးမှုခံရပြီး ပွဲကစားချိန် ၁၁ မိနစ်မှာ ဦးဆောင်ဂိုးပေးလိုက်ရတာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ အာဂျင်တီးနားအသင်း ချေပဂိုးရဖို့ ကစားအားမြှင့်တင်ခဲ့တာကြောင့် ချီလီအသင်း ထိန်းချုပ်ရခက်သွားလို့ ပွဲချိန် ၇၅ မိနစ်မှာ ချေပဂိုးနဲ့ပွဲချိန် မိနစ် ၉၀ မှာ ဦးဆောင်ဂိုးတွေသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အုပ်စုတတိယပွဲမှာတော့ အခုပြိုင်ပွဲရဲ့ အားအနည်းဆုံးအသင်းဖြစ်တဲ့ ပီရူးအသင်းနဲ့ ကစားခဲ့ရပြီး ပွဲချိန် ၈၈ မိနစ်မှာ ဦးဆောင်ဂိုးနဲ့ တစ်ဂိုးဂိုးမရှိနိုင်ပွဲဆက်ခဲ့တာကို တွေ့ရမှာပါ။

အုပ်စုနောက်ဆုံးပွဲမှာတော့ အိမ်ရှင်အီကွေဒေါအသင်းနဲ့ ကစားခဲ့ရပေမဲ့ အဘက်ဘက်က အသားစီးရယူနိုင်ခဲ့တာကြောင့် ပွဲချိန် ၁၉ မိနစ်မှာ ဦးဆောင်ဂိုးစတင်ရယူနိုင်ခဲ့တာဖြစ်ပြီး ဒုတိယပိုင်းပွဲချိန် မိနစ် ၇၀ မှာ နိုင်ပွဲရခဲ့ပြီး လေးပွဲဆက်အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အာဂျင်တီးနားအသင်းဟာ အုပ်စုပွဲစဉ်တွေမှာ ၄-၄-၂ ကစားကွက်ကိုသာ အထိုင်ချကစားခဲ့ပြီး ဒီကစားကွက်မှာ ခံစစ်ကစားပုံတည်ငြိမ်မှုရှိခဲ့ပေမဲ့ တိုက်စစ်ကတော့ ဂိုးရဖို့အနည်းငယ်ခက်နေတာကို သတိပြုရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ကိုလံဘီယာအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပေမဲ့ နှစ်သင်းစလုံးခံစစ်ပိုင်းကောင်းနေခဲ့ပြီး ပထမပိုင်းမှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ အာဂျင်တီးနားအသင်း တိုက်စစ်မှူး ရိုဒရီဂွက်ဇ်ဒဏ်ရာကြောင့် လူစားလဲခဲ့ရချိန်မှာ ကိုလံဘီယာခံစစ်ကြောင်းကို ကျော်ဖြတ်ဖို့ခက်ခဲသွားလို့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ပင်နယ်တီခြောက်ကြိမ်မှာ အာဂျင်တီးနားက လေးကြိမ်သာ ဂိုးရခဲ့ပေမဲ့ ကိုလံဘီယာအသင်းက ခြောက်ကြိမ်မှာ ငါးဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ငါးဂိုးလေးဂိုးနဲ့ အာဂျင်တီးနားအသင်းကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။

ဥရုဂွေးအသင်းကလဲ နိုင်ငံအတွင်းက ခြေစွမ်းပြနေတဲ့ ကစားသမားများနဲ့သာစုဖွဲ့ထားပြီး ဥရောပပြိုင်ပွဲတွေမှာ ကစားတဲ့ ကစားသမားနည်းပါးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စု (A) မှာ အာဂျင်တီးနားအသင်းနဲ့တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အဖွင့်ပွဲစဉ်မှာ အိမ်ရှင် အီကွေဒေါအသင်းနဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ အိမ်ရှင်အီကွေဒေါအသင်းကို ပထမပိုင်းမှာ အဘက်ဘက်က အသာစီးရယူနိုင်ခဲ့တာကြောင့် ပွဲချိန် ၁၁ မိနစ်မှာ ဦးဆောင်ဂိုးရခဲ့ပြီး ဒုတိယပိုင်းမှာလဲ အီကွေဒေါအသင်း ဂိုးရဖို့အစွမ်းကုန်ကြိုးပမ်းခဲ့ပေမဲ့ ဥရုဂွေးအသင်း တိုက်စစ်ကစားအားကျဆင်းသွားခြင်းမရှိဘဲ ပွဲချိန် ၅၃ မိနစ်မှာ ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ အနိုင်သေချာဖို့ဘောလုံးကိုင်ကစားခဲ့တဲ့ ဥရုဂွေးအသင်းခံစစ်ကစားပုံ ကျဆင်းလာတာကြောင့် ချေပဂိုးရဖို့ရုန်းကန်လာတဲ့ အီကွေဒေါအသင်းက ပွဲချိန် ၇၂ မိနစ်နဲ့ ၇၈ မိနစ်မှာ ချေပဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့လို့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အုပ်စုဒုတိယပွဲစဉ်မှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်တဲ့အာဂျင်တီးနားအသင်းနဲ့ ကစားခဲ့ရတာကြောင့် ပွဲကျပ်ခဲ့တာကို တွေ့ရမှာပါ။ အုပ်စုတတိယပွဲစဉ်မှာတော့ ခြေစွမ်းပိုင်းအားနည်းတဲ့ ပီရူးအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပီရူးအသင်းက ခံစစ်အားပြုကစားလာတာကြောင့် ပထမပိုင်းပွဲကစားချိန်မှာ ဂိုးရဖို့ခက်ခဲခဲ့ပြီး သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒုတိယပိုင်းမှာတော့ ဥရုဂွေးအသင်း လူစားလဲမှုပြုလုပ်ခဲ့ပြီး တိုက်စစ်ကစားအားမြှင့်တင်နိုင်ခဲ့တာကြောင့် ပွဲကစားချိန် ၆၄ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်မှာ အုပ်စုက ကျော်ဖြတ်နိုင်ဖို့ ချီလီအသင်းနဲ့ အဆုံးအဖြတ်ပွဲစဉ်ကစားခဲ့ရတာဖြစ်ပေမဲ့ ချီလီအသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့လို့ ပွဲချိန် မိနစ် ၄၀ မှာ ဦးဆောင်ဂိုးရခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာတော့ ချီလီအသင်းက တိုက်စစ်ဖွင့်ကစားလာတာကြောင့် ဥရုဂွေးအသင်း အာရုံစိုက်ကစားခဲ့ရပြီး ပွဲကစားချိန် ၆၅ မိနစ်မှာ တန်ပြန်တိုက်စစ်ကနေ ဒုတိယဂိုးထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ လက်ကျန်ပွဲချိန်တွေမှာတော့ ဥရုဂွေးအသင်းက အနိုင်သေချာဖို့ ပြိုင်ဘက်ကို ထိန်းချုပ်ကစားခဲ့လို့ ချီလီအသင်းဂိုးရဖို့ခက်ခဲခဲ့ပြီး ပွဲချိန် ၇၃ မိနစ်မှာ တတိယဦးဆောင်ဂိုးပေးလိုက်ရလို့ သုံးဂိုးပြတ်နဲ့ဥရုဂွေးအသင်းက နိုင်ပွဲရခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အုပ်စုဒုတိယနေရာကနေ ဆီမီးဖိုင်နယ်အဆင့် ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ အခုပြိုင်ပွဲရဲ့ ဆုဖလားအများဆုံးရထားတဲ့ ဘရာဇီးအသင်းနဲ့ကစားခဲ့ရတာကြောင့် အခက်တွေ့ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ ၄-၄-၂ ကစားကွက်နဲ့ ဘရာဇီးအသင်းကို တုံ့ပြန်ဖို့ကြိုးစားလာပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်း ကွာဟချက်တွေရှိခဲ့လို့ ပွဲအစ ၁၁ မိနစ်၊ ပွဲကစားချိန် ၁၃ မိနစ်၊ ပွဲကစားချိန် ၂၇ မိနစ်တွေ ဦးဆောင်ဂိုးတွေ ဆက်တိုက်ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘရာဇီးအသင်းကစားအားကျခဲ့တာကြောင့် ဥရုဂွေးအသင်း တိုက်စစ်ဆင်ဖို့ အခွင့်အရေးရသွားခဲ့လို့ ပွဲချိန် ၅၁ မိနစ်မှာ ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ပွဲကစားချိန် ၅၈ မိနစ်မှာ ကစားသမားတစ်ဦးထုတ်ပယ်ခံရတာကြောင့် ဘရာဇီးအသင်းက ပိုမိုဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၆၅ မိနစ်မှာ စတုတ္ထသွင်းဂိုး၊ ပွဲချိန် ၈၆ မိနစ်နောက် ပဉ္စမသွင်းဂိုးတွေထပ်မံရရှိခဲ့လို့ ဥရုဂွေးအသင်း ငါးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပြီး တတိယဗိုလ်လုပွဲသာ ကစားခွင့်ရခဲ့တာကို တွေ့ရမှာပါ။

တတိယဗိုလ်လုပွဲမှာတော့ အာဂျင်တီးနားအသင်းနဲ့ ထပ်မံတွေ့ဆုံခဲ့ပေမဲ့ အာဂျင်တီးနားအသင်းက အသင်းလိုက်ကစားအားနဲ့ ခံစစ်ကစားပုံက ဥရုဂွေးအသင်းထက်ကောင်းနေသလို ပြိုင်ပွဲအတွေ့အကြုံပိုင်းမှာလဲ ၁၉၉၅ ခုနှစ်ကစလို့ အနိမ့်ဆုံးတတိယနေရာ ရရှိခဲ့တာကြောင့် ဥရုဂွေးအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။ ဒီပြိုင်သူတို့နှစ်သင်း နောက်ဆုံးခြောက်ကြိမ်တွေ့ဆုံမှုမှာလဲ အာဂျင်တီးနားအသင်းက လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ တစ်ပွဲသာရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၁၉ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဥရုဂွေးအသင်းကတော့ အာဂျင်တီးနားနဲ့တွေ့ဆုံမှုမှာ တိုက်စစ်ပိုင်းက လေးဂိုးသာ သွင်းယူနိုင်ခဲ့တာကြောင့် အခုပွဲမှာ အဘက်ဘက်က သာလွန်နေတဲ့ အာဂျင်တီးနားအမျိုးသမီးအသင်းပဲ အနိုင်ရမှာပါ။

**အာဂျင်တီးနားအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဥရုဂွေး | ၀ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၂ | - | ၁ | ချီလီ |
| အာဂျင်တီးနား | ၁ | - | ၀ | ပီရူး |
| အီကွေဒေါ | ၀ | - | ၂ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၀ | - | ၀ | ကိုလံဘီယာ |

**ဥရုဂွေးအမျိုးသမီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အီကွေဒေါ | ၂ | - | ၂ | ဥရုဂွေး |
| ဥရုဂွေး | ၀ | - | ၁ | အာဂျင်တီးနား |
| ဥရုဂွေး | ၁ | - | ၀ | ပီရူး |
| ချီလီ | ၀ | - | ၃ | ဥရုဂွေး |
| ဘရာဇီး | ၅ | - | ၁ | ဥရုဂွေး |

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ
အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊
လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်၊

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

# ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## စွယ်တော်မြတ်စေတီတော်(မန္တလေး)
## လစ်လပ်ပျိုးဥယျာဉ်မြေနေရာ ငှားရမ်းခြင်း

စွယ်တော်မြတ်စေတီတော်(မန္တလေး) ပရိဝုဏ်အတွင်း အနောက်ဘက်မုခ်လမ်းဘေးဝဲယာတို့တွင် ၂၀၁၈ ခုနှစ်မှစ၍ (၅၀' x ၇၅၀')အကျယ်ရှိ ပျိုးဥယျာဉ်မြေနေရာငှားရမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ ၎င်းပျိုးဥယျာဉ်မြေနေရာများတွင် လစ်လပ်လျက်ရှိသော ပျိုးဥယျာဉ် အမှတ် (၃)၊ (၄)၊ (၁၀)၊ (၂၁)၊ (၂၂)၊ (၂၈)တို့အား ဆက်လက်ငှားရမ်းမည်ဖြစ်ပါသောကြောင့် မည်သူမဆို လာရောက်လျှောက်ထားနိုင်ကြပါသည်။

**လျှောက်ထားရန်ကာလ** - (၁-၈-၂၀၂၅)မှ (၁၀-၈-၂၀၂၅)နေ့ထိ

**နေရာ** - ဂေါပကအဖွဲ့ရုံး၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ နတ်ရေကန်အုပ်စု၊ အမရပူရမြို့နယ်၊ အမရပူရခရိုင်၊ မန္တလေးတိုင်းဒေသကြီး။

**ဖုန်း** - ၀၉-၂၅၆၈၂၇၂၂၃၊ ၀၉-၇၉၇၅၅၅၅၅၆၊ ၀၉-၇၅၇၇၆၈၄၄၃

**အသေးစိတ်သိရှိလိုပါက ဂေါပကရုံးတွင် စုံစမ်းနိုင်ပါသည်။**

## ဘုရား၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
## ဦးကျော်ထူး(ဆရာကျော်လပြည့်)နက္ခတ်ဗေဒပညာရှင်
## အသက် (၆၈)နှစ်

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ စိန်ပန်းလမ်း၊ အိမ်အမှတ်(၁၅၇)နေ (ဦးမောင်+ဒေါ်ရီ)တို့၏သား (ဦးစံသိန်း + ဒေါ်နန့်ဆိတ်)တို့၏သား/သမက်၊ ဦးကျော်ကျော်ထွေး+ဒေါ်အေးအေးထွန်း၊ ဦးမျိုးလှိုင်+ဒေါ်နေခြည်ဝင်း၊ ဦးဟိန်းဆက်၊ ဒေါ်အေးပြည့်ဖြိုး၊ မောင်လင်းလက်အောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မခမ်းမော်ထွေး၊ မယွန်းခမ်းမေ၊ မောင်ရဲဝင့်အောင်၊ မောင်ဟိန်းပြည့်ဆက်၊ မောင်ဇေလင်းထက်တို့၏အဘိုး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ မြင်စိုင်းလမ်း၊ အမှတ်(၂၀၄)နေ ဒေါ်နန့်ဖြူဖြူသိန်း၏ ချစ်လှစွာသောခင်ပွန်း၊

### ဦးကျော်ထူး(ဆရာကျော်လပြည့်)နက္ခတ်ဗေဒပညာရှင်
### အသက် (၆၈)နှစ်

သည် ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း (၆)ရက်၊ ၃၀-၇-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက်(၃:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုရုပ်ကလာပ်ကို ၁-၈-၂၀၂၅ (သောကြာနေ့) နေ့လယ်(၂:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

၅-၈-၂၀၂၅(**အင်္ဂါနေ့**) နံနက်တွင် ကွယ်လွန်သူအား ရည်စူး၍ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေမည်ဖြစ်ပါသောကြောင့် **အမှတ်(၂၀၄)၊ မြင်စိုင်းလမ်း၊ (၂၀)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်**နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေအိမ်မှကားများ နေ့လယ်(၁:၃၀)နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ မတွယ်တာလှိုင် (ဘ) ဦးသန်းလင်း (၁၃/မရန(နိုင်)၀၅၈၉၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-616353)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-680444890**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ငြိမ်းချမ်းရေးရပ်ကွက်နေ ဦးမိုးအောင် (၉/မသန(နိုင်)၀၂၂၈၅၂) အား ဦးပီတာအေးမောင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။
**ဦးပီတာအေးမောင် (၉/မသန(နိုင်)၀၂၂၈၅၂)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တရုတ်စုရပ်ကွက်နေ အုပ်ထိန်းသူ ဒေါ်အေးရီ(၉/စကတ(နိုင်)၀၀၂၄၇၉)နှင့် ဒေါ်ခင်မာအေး(၉/စကတ(နိုင်)၀၀၂၄၈၃) တို့၏သားဖြစ်သူ မောင်မင်းသန်းဦး(၉/စကတ(နိုင်)၁၃၇၀၃၅)သည် အုပ်ထိန်းသူများ၏ ဆိုဆုံးမမှု၊ ပြောဆိုမှုများကို မနာခံဘဲ အုပ်ထိန်းသူများအား အမြဲစိတ်ဆင်းရဲစေပြီး ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များအား အကြိမ်ကြိမ်ဆက်လက်ပြုလုပ်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **အုပ်ထိန်းသူ**
**ဒေါ်အေးရီ၊ ဒေါ်ခင်မာအေး**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၅)နေ မဖြိုးဖြိုးနိုင် (ဘ) ဦးစောနိုင်၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-45724240**

## ပျောက်ဆုံးကြောင်း

မိုးကောင်းမြို့၊ မြို့ဦးရပ်ကွက်နေ ဦးယုရှိ (ဘ) ဦးလောကွေ့ (၁/မကတ(နိုင်)၀၆၈၅၀၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-400035219**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ မတွယ်တာလှိုင် (ဘ) ဦးသန်းလင်း(၁၃/မရန(နိုင်)၀၅၈၉၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-616353)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-680444890**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အခြေခံပညာစက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပလစ(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်အောင်ဖြိုးလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝန်ကြီးချုပ် ဖြစ်ပါကြောင်း။
**ဦးဝန်ကြီးချုပ်(၉/အမရ(နိုင်)၀၇၁၇၃၁)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အခြေခံပညာစက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ပလစ(၂)၊ Grade-12 တွင် ပညာသင်ကြားနေသော မယုယထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စိုးဖြစ်ပါကြောင်း။
**ဦးကျော်စိုး(၉/ကဆန(နိုင်)၀၇၉၄၄၇)**

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၄/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဖွဲ့စည်းခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာများကို ကျင့်သုံးနေစဉ်ကာလအတွင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုနိုင်ရန်နှင့်ထိရောက်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်<br>ယာယီသမ္မတ(တာဝန်)<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း<br>ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးညိုစော<br>နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန<br>ပြည်ထောင်စုဝန်ကြီး | အဖွဲ့ဝင် |
| (၄) | ဦးအောင်လင်းဒွေး<br>အမှုဆောင်ချုပ်<br>အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး | အဖွဲ့ဝင် |
| (၅) | ဗိုလ်ချုပ်ကြီးမောင်မောင်အေး<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးသန်းဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်<br>ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဗိုလ်ချုပ်ကြီးကျော်စွာလင်း<br>ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ချုပ်ကြီးရဲဝင်းဦး<br>တွဲဖက်အမှုဆောင်ချုပ်<br>အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး | အတွင်းရေးမှူး |

ပုံ
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ(တာဝန်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၃/၂၀၂၅**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

## ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုအစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်ဝန်ကြီးချုပ်ရုံးနှင့်<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | ဦးညိုစော |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) | ဦးတင်အောင်စန်း |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) | ဦးကိုကိုလှိုင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) | ဦးမောင်မောင်တင့် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) | ဦးထွန်းအုံ |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးမြထွန်းဦး |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်ကြီးမောင်မောင်အေး |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဒေါက်တာကံဇော် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးသန်းဆွေ |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် |

စာမျက်နှာ ၂၀ ကော်လံ ၁ ☆


နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်အား ပယ်ဖျက် စာမျက်နှာ - ၂၁
အရေးပေါ်အခြေအနေ ကြေညာ စာမျက်နှာ - ၂၀
စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန် စာမျက်နှာ - ၂၁
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမှုဆောင်ချုပ်နှင့် တွဲဖက်အမှုဆောင်ချုပ် ခန့်အပ်တာဝန်ပေး စာမျက်နှာ - ၂၁



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED


Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378